ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္လာနေ့ (31-10-2011) (၆၂၉၉)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# စေတနာမှန်ပြီး သစ္စာတရားထားရှိကာ အဂတိကင်းစွာ ဆောင်ရွက်
# ပြည်သူတို့ ယုံကြည်အားကိုးသော တရားစီရင်ရေးစနစ်ထွန်းကားမှ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြလျှင် အေးချမ်းစွာ ဖြေရှင်းနိုင်မည်

နေပြည်တော် အောက်တိုဘာ ၃၀

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါ အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံး အမှုထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေး၊ တရားရုံးစီမံခန့်ခွဲရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး မှာကြားသည်။**





ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံး အမှုထမ်းများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ထို့ပြင် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေ အရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ ကျွမ်းကျင်သူများ၊ အမှုဖြစ်ပေါ်၍ စတင်စုံစမ်းစစ်ဆေးရသောသူများ၊ အမှုလိုက်များ၊ ရုံးတွင် အထောက်အထားများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း ရသောသူများ၊ နှစ်ဖက်သက်သေများ စသူတို့သည် တရားစီရင် ရာတွင် ကိုယ့်အခန်းနှင့်ကိုယ် ပါဝင်ကြသူများဖြစ်ရာ စေတနာမှန်ပြီး သစ္စာတရားထားရှိကာ အဂတိကင်းစွာ ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့ ယုံကြည်အားကိုးသော တရားစီရင်ရေးကို ဖြစ်ထွန်းစေကြောင်း၊ ပြည်သူတို့ ယုံကြည်အားကိုးသော တရားစီရင်ရေးစနစ် ထွန်းကားမှ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြလျှင် အေးချမ်းစွာ ဖြေရှင်း နိုင်ကြမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် လိုက်ပါလျက် အောက်တိုဘာ ၂၈ ရက်တွင် ပန်းတနော်မြို့နယ်တရားရုံး၊ ကျောင်းကုန်းမြို့နယ် တရားရုံး၊ ကန်ကြီးထောင့်မြို့နယ်တရားရုံး၊ ပုသိမ်ခရိုင်တရားရုံးနှင့် ပုသိမ်မြို့နယ်တရားရုံးတို့ကို လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် အောက်တိုဘာ ၂၈ရက် နံနက် ၁၀ နာရီကလည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နယ်ရှိ လေ့ကျင့်ဌာနဌ၌ကျင်းပသည့် ဒုတိယမြို့နယ်တရားသူကြီး များ မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက် ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

ယနေ့သတင်းအညွှန်း

**ကလေး-တမူး ရထားလမ်းစီမံကိန်း နိုင်ငံတော်သို့ တင်ပြဆောင်ရွက်မည်**
သတင်း-စာမျက်နှာ - ၇

**နယ်စပ်ဖြတ်ကျော် ဆန်တင်ပို့လိုပါက သက်ဆိုင်ရာအစိုးရ၏ ထောက်ခံမှုဖြင့် တင်ပို့နိုင်**
သတင်း-စာမျက်နှာ - ၇

**ဗန်ကောက်မြို့တော်အား ရေလွှမ်းမိုးမည့် အန္တရာယ် စိုးရိမ်ရဆဲ**
သတင်း-စာမျက်နှာ - ၄

---

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်အားပေး
## ပညာရည်ချွန်ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၃၀

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ပြီး ပညာရည်ချွန်ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ဆုငွေ များကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မရွှန်းလဲ့ဦးအား ဆုပေးအပ်ချီးမြှင့် စဉ်။** (သတင်းစဉ်)

ကြေးမုံ The Mirror

၃၁-၁၀-၂၀၁၁
(တနင်္လာနေ့)

# ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းမွမ်းမံ

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် ခေတ်ကာလအရ တန်ဖိုးကြီးသည်။ သမိုင်းဆိုင်ရာ အထောက်အထားများက အရေးပါသည်။ ဗိသုကာနှင့် အနုပညာလက်ရာများ ထူးခြားကောင်းမွန်လှသည်။ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသဖြင့် တည်တံ့ခိုင်ခံ့နေစေရေး နည်းလမ်းအသွယ်သွယ်ဖြင့် ထိန်းသိမ်းကြရပေမည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ် ပေါများကြွယ်ဝသည်။ သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ပြီးခေတ်ကျန်ရစ်ခဲ့သော အထောက်အထားများအရ သိရသည်။ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်လာခဲ့သည်ကို မြေအောက်မှတူးဖော်ရရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များက အခိုင်အမာ ညွှန်ပြလျက်ရှိသည်။

နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းနေပြီ။ ရှေးဟောင်းအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပြည်သူများ၏ပူးပေါင်းမှုဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေခြင်း ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုဇုန်များ သတ်မှတ်၍ ယဉ်ကျေးမှုနယ်မြေများအလိုက် ပြုပြင်မွမ်းမံထိန်းသိမ်းနေကြပြီ။ အထူးသဖြင့် ပုဂံ၊ တကောင်း၊ ဟန်လင်း၊ အင်းဝ၊ မြင်စိုင်း၊ ပင်းယ၊ ပလိပ်ဒေသ၊ မြောက်ဦးမြို့ဟောင်းယဉ်ကျေးမှုနယ်မြေများပါဝင်သည်။ ရှေးဟောင်းဂူပုထိုးများ၊ ကျောင်းတော်ကြီးများ၊ နန်းတော်ရာများ၊ မြို့ဟောင်းများကို ရှေးဟောင်းလက်ရာမပျက် ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိသည်။ အင်္ဂတေပန်း၊ စဉ့်လက်ရာပန်း၊ နံရံဆေးရေး ပန်းချီများကို ဓာတုဆေးများအသုံးပြု၍ ကြံ့ခိုင်ထိန်းသိမ်း လုပ်ဆောင်လျက်ရှိသည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တူးဖော်ခြင်း၊ ရှာဖွေခြင်း၊ သုတေသနပြုခြင်းတို့ဖြင့် သမိုင်းဆိုင်ရာအထောက်အထားများ ပိုမိုခိုင်မာသော အကျိုးရလဒ်များဖြစ်ထွန်းနေသည်။ ထို့အတူ နှစ် ရာနှင့်ချီ၍ တည်တံ့နေသည့် ရှေးဟောင်းအဆောက်အအုံများကိုလည်း တန်ဖိုးထားထိန်းသိမ်းကြရန် လိုအပ်သည်။ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများသည် ခေတ်ကာလအလိုက် သမိုင်းဖြစ်ရပ်ဖြစ်စဉ်များတွင် ပါဝင်ထင်ရှားခဲ့သဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ခြင်း ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအဆောက်အအုံများ၊ ဗိသုကာအနုပညာလက်ရာများ၊ အသုံးအဆောင်ပစ္စည်းများသည် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်သည်။ ရှေးဟောင်းရုံးဌာန အဆောက်အအုံအချို့သည်လည်း သမိုင်းတန်ဖိုး ကြီးမားလှသည်။ ရှေးဟောင်းယဉ်ကျေးမှုအထောက်အထားများ ဆက်လက်ရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ရှေးဟောင်းအဆောက်အအုံများကို ခေတ်မီနည်းပညာများဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများ အစဉ်တစိုက် တန်ဖိုးထားလုပ်ဆောင်သွားသင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ॥

# မြန်မာ-အီတလီ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andrea Bartorelli နှင့် သံရုံးဒုတိယအကြီးအကဲ Dr. Mara BORSERINI တို့သည် အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ရန်ကုန်ဘက်ကမ်း ချဉ်းကပ်လမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ထိပ်ဝကြီးအင်း ပေ ၁၂၀ တံတားနှင့် ပေ ၆၀ တံတားအတွင်း မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားနှင့် ထိပ်ဝကြီးအင်း တံတားအကြား ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားပေါ်နှင့် ပင်မတံတားကြီးပေါ်တို့တွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများပြီးစီးမှု၊ တံတားလက်ရန်းများ၊ ရေထွက်ပေါက်များ ဆောင်ရွက်ပြီးစီးမှုနှင့် တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ် (ရထား) တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်မြေသားလုပ်ငန်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများအား စက်ယာဉ်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဧရာဝတီတံတား(ညောင်တုန်း)၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၀-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၄၉)**
၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၁)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၅)**
၂၃။ Mini Series



**ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ မှော်ဘီမြို့နယ်ရှိ မျက်စိဝေဒနာရှင် ၁၈ ဦးအား ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ မျက်စိခွဲခြင်း၊ မျက်မှန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက်က အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး မျက်စိခွဲစိတ်ဆောင်၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးထံ ပေးအပ်စဉ်။**

(ကြေးမုံ)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၅၇၀၀ | ၀. ၀၃၂၇၁ |
| တရုတ် (ယွမ်) | ၆. ၃၅၈၀၀ | ၀. ၁၅၇၂၈ |
| အိန္ဒိယ (ရူပီး) | ၄၆. ၆၁၀၀ | ၀. ၀၂၀၅၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၄၅၀ | ၀. ၃၂၆၃၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၂၂၀ | ၀. ၈၀၅၀၂ |
| ဂျပန် (ယန်း) | ၇၅. ၇၅၀၀ | ၀. ၀၁၃၂၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၀၂. ၅၉ | ၀. ၀၀၀၉၁ |
| ယူရို | ၀. ၇၀၆၄၁ | ၁. ၄၁၅၆၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၀၀၈ | ၁. ၆၁၂၇၀ |

*အင်တာနက်။*

# မြန်မာ့သစ်တောသီတင်းပတ် ဆုရရှိသူများအား ဆုချီးမြှင့်

**လှိုင်ကော် အောက်တိုဘာ ၃၀**

မြန်မာ့သစ်တောသီတင်းပတ်အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို အလက(၂) လှိုင်ကော်၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးနှင့် ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ ဆုချီးမြှင့်ခဲ့ကြသည်။ (ကြေးမုံ)




**အောက်တိုဘာ၂၂ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် မင်္ဂလာသုခလမ်း တိုက် (၆၉) အခန်း (၂၀၁) နေ မောင်အောင်အောင်ဦး- မဂျူလိုင်ထွန်းတို့က သမီး မမေမှူးဝသုန်၏ (၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဇီဝိတဒါနသံဃာ့ဆေးရုံသို့ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မြင့် လက်ခံစဉ်။**

(သံဃာ့ဆေးရုံ)

# ၁၉၈၃ ခုနှစ် B.V.S ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ၁၉၈၃ ခုနှစ်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့ (B.V.S) ရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် ညနေ ၅ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီ Royal Rose စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုပါက ဒေါက်တာတင်ထွဋ် ဖုန်း-၀၉-၅၁၈၀၄၅၉၊ ဒေါက်တာနေဝင်း ဖုန်း -၀၁-၂၂၂၃၅၁၊ ဒေါက်တာဝင်းနိုင် ဖုန်း-၀၉-၂၀၁၉၉၃၃၊ ဒေါက်တာကြည်ကြည်ခိုင် ဖုန်း -၀၉-၅၁၂၄၇၃၂နှင့် ဒေါက်တာရင်ရင်သန်း ဖုန်း-၀၉-၅၁၇၇၂၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**✻ ရှေ့ဖုံးမှ**

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ချိုချိုတင် (မစန္ဒာ)က ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူးရှင် မရွှန်းလဲ့ဦး၊ ငါးဘာသာဂုဏ်ထူးရှင် မအိမြတ်သွယ်၊ လေးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် မသဲစုစုဝင်း၊ မသဇင်ကိုကိုအောင်နှင့် မရတနာစုအောင်တို့အား ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)နှင့် ဒုတိယဥက္ကဋ္ဌ(၃) ဦးကိုကိုလှိုင်တို့က လေးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် မထက်ထက်လွင်သိန်းနှင့် မစုသရီအောင်သင်း၊ သုံးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် မောင်သူရစွမ်းပြည့်၊ မောင်ကောင်းဝေ၊ မောင်ဝီရမိုးနေနှင့် မအေးချမ်းဆုတို့အား ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ဦးမောင်မောင်အေး(ကဗျာဆရာ-မောင်ဟေမာ)က ငွေကျပ် ၁၀ သိန်း၊ ဒေါ်နန်းကလျာဝင်း (ငွေသော်တာ)က ငွေကျပ် ငါးသိန်း၊ ဒေါ်နန်းအိအိဇာက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်)က ငွေကျပ်ငါးသိန်း၊ ဒေါက်တာသာထွန်းဦးက ငွေကျပ်သုံးသိန်း၊ ဒေါက်တာတင်အောင်ခိုင်က ငွေကျပ် နှစ်သိန်း၊ ဦးမျိုးအောင်က ငွေကျပ်တစ်သိန်း၊ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) -ဇနီး ဒေါ်တင်မေဌေးနှင့် သမီးခင်သဇင်ကိုတို့က ငွေကျပ် နှစ်သိန်း၊ ဆရာဝန်တင်ရွှေမိသားစုက ငွေကျပ် သုံးသိန်း၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က ငွေကျပ်ငါးသောင်း၊ ဦးဇေယျသူက ငွေကျပ်ငါးသောင်း၊ လျှပ်တစ်ပြက်သတင်းဂျာနယ်နှင့် ဆရာမသီရိစံတို့က ငွေကျပ် နှစ်သိန်း၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ဦးမောင်မျိုး(မောင်မျိုး-ကြောင်နှစ်ကောင်)ကြောင်နှစ်ကောင်စာပေမိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းသို့ ငွေကျပ် ၇၇၇၇၇၀၀၀ တန်ဖိုးရှိ စာအုပ် ၅၅၅၅၅ အုပ်ကို မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပညာရည်ချွန်ဆုရရှိကြသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မရွှန်းလဲ့ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဧည့်အဖွဲ့လာရောက်တွေ့ဆုံ ကျန်းမာရေးနှင့် ပတ်သက်သောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၀

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဝါရှင်တန်အခြေစိုက် USAID ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူး Mr.Gregory Beck သည် ရန်ကုန်မြို့ရှိ အမေရိကန်ပြည်ထောင်စုသံရုံးမှ ဒုတိယသံရုံးယာယီတာဝန်ခံ Ms.ELEANOR J.NAGY နှင့် သံရုံးအရာရှိ Mr. Carol Conragan တို့ လိုက်ပါလျက် အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းလုပ်ငန်းများ၊ USAID ၏ ပံ့ပိုးမှုဖြင့် လူမှုရေးအဖွဲ့အစည်းများမှ တစ်ဆင့် ဆောင်ရွက်လျက်ရှိသော မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကိစ္စရပ်များနှင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါတိုက်ဖျက်ရေး အစီအစဉ်များ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းကိစ္စရပ်များ၊ ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲနှင့် Wedding & Lifestyle Expo 2011 ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် အောက်တိုဘာ ၃၀

**၂၀၁၁ ခုနှစ် (၃၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ ရှေးဦးစွာ ယခင်နှစ် အပြည်ပြည်ဆိုင်ရာစစ်တုရင် လူငယ်အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မြန်မာ့ရိုးရာစစ်တုရင်အသင်းလိုက်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေထံ ဒိုင်းဆုများကို ပြန်လည်အပ်နှံကြသည်။**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအချိန်အထိ (၃၆)ကြိမ်မြောက် ရောက်ရှိလာခဲ့ပြီး သက်တမ်းရှည်ကြာဝါရင့်သည့်ပြိုင်ပွဲကြီး ဖြစ်ကြောင်း၊ အားကစားနည်းအများစုတွင် များသောအားဖြင့် ကိုယ်ကာယလှုပ်ရှားမှုကို အခြေခံကြသော်လည်း စစ်တုရင် အားကစားနည်းအနေဖြင့် စိတ်ပိုင်းဆိုင်ရာကို အခြေခံထားပြီး ကစားရသည့် အားကစားနည်းဖြစ်ကြောင်း၊ သို့အတွက် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်မှုသည် အဓိကအရေးကြီးသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ စစ်တုရင်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေသည့် သွေးသစ် လူငယ်စစ်တုရင် အားကစားသမားများအား တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲများမှ အများဆုံး မွေးထုတ်ပေးခဲ့သည့်အတွက် ယခုပြိုင်ပွဲတွင်လည်း ထူးချွန်ထက်မြက်သည့် သွေးသစ် လူငယ်စစ်တုရင် အားကစားသမားများ ပေါ်ထွက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည့် Wedding & Lifestyle Expo 2011 ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် P.R Services Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ယမုံတို့နှင့်အတူ ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြပွဲတွင် ကုမ္ပဏီ ၄၀ မှ ပြခန်းပေါင်း ၇၀ ဖြင့် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်ကြာပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးကျော်လွင်အား နီပေါနိုင်ငံ မြို့ပြပညာရှင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား နီပေါနိုင်ငံ မြို့ပြပညာရှင် Mr. Madhab Bhakta Mathema နှင့်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN- Habitat တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Myanmar Programme for Safer Settlement and Urban Research စီမံချက်မှ စွမ်းရည်ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်အတွက် ပံ့ပိုးကူညီရန်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# တရုတ်နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အထွေထွေဗျူရိုမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အထွေထွေဗျူရိုမှ ဒုတိယဝန်ကြီး မစ္စတာ ထျင်ကျင့် ဦးဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Gao Hua နှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါပုံ)**

(သတင်းစဉ်)

# ပရဟိတကျောင်းများသို့ အလှူငွေများ ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၃၀**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးလုပ်ငန်းများကို စိန်ဂေဟာမှ ပြုလုပ်လျက်ရှိသည်။ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအဖြစ် ဩဂုတ် ၇ ရက်က လှော်ကားဥယျာဉ်၌ ပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ပြီး စိန်ဂေဟာပြည်လမ်း စင်တာ (၇)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို အောက်တိုဘာ ၂၂ ရက်တွင် လူရွှင်တော် Five Star အဖွဲ့ဖြင့် လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ပရဟိတကျောင်းများဖြစ်သည့် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၊ သုခရိပ်မြုံ HIV အမိအဖမဲ့ကလေးစောင့်ရှောက်ရေးဂေဟာ၊ Mary Chapman နားမကြားကျောင်း၊ ဆည်းဆာရိပ်ဂိလာနဘိုးဘွားများ စောင့်ရှောက်ရေးအဖွဲ့၊ မေတ္တာနန္ဒ ဘုန်းတော်ကြီးသင် ပညာသင်ကြားရေးကျောင်း (မင်္ဂလာဒုံ)၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတို့သို့ အလှူငွေ ကျပ်နှစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့သည်။**(အောက်ပုံ)** ဒီဇင်ဘာလတွင်လည်း စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁၀-၂၀၁၁ (တနင်္လာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "လမ်းမှန်ကိုသာရွေးချယ်ပါ" တရားတော် (ဆရာတော် အရှင်အဂ္ဂသိရီ) |
| ၆း၄၀ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၁)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၆)** |
| ၈း၃၅ | City Mart Music Concert II (Part-1) |
| ၉း၁၅ | စာအုပ်ပြခန်း |
| ၉း၄၀ | ခြိမ့်ခြိမ့်သဲဆင်ကာနွဲ့ ချမ်းမြေ့အေးမွှာရုံဆွမ်းအောင်ပွဲ |
| ၉း၅၀ | ခေတ်မီသောဝန်ဆောင်မှုများနှင့် အနာဂတ်ဟိုတယ်များဆီသို့ |
| ၁၀း၀၅ | အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု (အပိုင်း-၂) [ဒေါက်တာခင်မောင်လွင်၊ ဦးကိုကို(စက်မှုတက္ကသိုလ်)] |
| ၁၀း၄၀ | The Champion of Dance |
| ၁၁း၂၀ | JAPAN VIDEO TOPICS |
| ၁၁း၂၅ | Celebrity Choice |
| ၁၂း၀၅ | မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (အမေ့အတွက်ဆုတောင်း) |
| ၁၂း၂၀ | လုံခြုံရေးအတွက် Billion Bright |
| ၁၂း၃၅ | စားချင်စဖွယ်နည်းအသွယ်သွယ် |
| ၁း၀၀ | "လမ်းမှန်ကိုသာရွေးချယ်ပါ" တရားတော် (ဆရာတော် အရှင်အဂ္ဂသိရီ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | FMF Selection |
| ၂း၅၀ | ဆိုင်ကယ်ချစ်သူများအတွက် YAMAHA |
| ၃း၀၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၃း၁၅ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁)** |
| ၄း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၆)** |
| ၄း၅၀ | ဆယ်ကျော်သက်တို့ရဲ့ရင်ခုန်သံ မေးခွန်းများ (အပိုင်း-၂) |
| ၅း၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၅း၄၀ | ဗီဒီယိုပြခန်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၂)** |
| ၇း၁၅ | City Mart Music Concert II (Part-2) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စကားနပန်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၇)** |
| ၁၀း၁၀ | Sunday Talk |
| ၁၀း၃၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၀ | International Show Biz |
| ၁၁း၁၅ | ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့ |
| ၁၂း၃၅ | ဈေးဝယ်လမ်းညွှန် |
| ၁၂း၅၅ | လှပသစ်ဆန်းအလှပြင်ခန်း |
| ၁း၂၅ | ရွှေဟင်္သာအမည်ဆန်းနှင့် တောင်ခြေစခန်းဟိုတယ် |
| ၁း၄၀ | ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပဝါအုပ်ဆိုး (ငှက်ပျောကြော်၊ ဗေလုဝ) |
| ၁း၄၅ | စက္ကူလွင့်လွင့်ပန်းယဉ်ယဉ် အလှဆင်စေချင် |
| ၁း၅၅ | သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး) |
| ၂း၀၀ | ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင် |
| ၂း၃၀ | Barclays Premier League (Stoke City Vs Newcastle) |
| ၄း၃၀ | စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ |
| ၄း၄၅ | ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား |
| ၅း၀၀ | အစီအစဉ်ပြီး၏။ |

**Barclays Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၃၀ | Stoke City - Newcastle | ESPN (MRTV-4) (Live) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# အမေရိကန်သံရုံး တိုက်ခိုက်ခြင်းခံရပြီးနောက် ဘော့စနီးယားကျေးရွာကို ရဲတပ်ဖွဲ့ဝင်ရောက်စီးနင်း

ဝွန်ဂျာမာအိုကာ(ဘော့စနီးယား-ဟာဇီဂိုဗီးနား) အောက်တိုဘာ ၃၀

**ဘော့စနီးယား-ဟာဇီဂိုးဗီးနားနိုင်ငံ ဆာရာယေဗိုမြို့ရှိ အမေရိကန်ပြည်ထောင်စုသံရုံးအား အော်တိုမစ်တစ်မောင်းပြန် ရိုင်ဖယ်ဖြင့် ပစ်ခတ်ခဲ့သည့် သေနတ်သမားနှင့် အဆက်အသွယ်ရှိသော ဘော့စနီးယားကျေးရွာတစ်ရွာမှ နေအိမ်အချို့ကို အထူးရဲတပ်ဖွဲ့က အောက်တိုဘာ ၂၉ ရက်တွင် ဝင်ရောက်စီးနင်းခဲ့သည်။**

သေနတ်သမား၏ မိတ်ဆွေများဟု မသင်္ကာရသူ ဝါဟာဗီခေါ် အစွန်းရောက်ရှေးရိုးစွဲ ဘာသာရေးဂိုဏ်းအဖွဲ့ဝင် ၁၇ ဦးကို ဆားဘီးယားနိုင်ငံ၌ ဖမ်းဆီးခဲ့ပြီးနောက် ဖော်ပြပါစီးနင်းမှု လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဝါဟာဗီအဖွဲ့ဝင်များ နေထိုင်ကြသည်ဟုဆိုသော ဝွန်ဂျာမာအိုကာကျေးရွာမြောက်ပိုင်းသို့ အထူးရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့သည်။ အေပီသတင်းဌာန၏ ရေးသားချက်အရ ပြောက်ကျားဝတ်စုံဝတ်ထားပြီး အနက်ရောင်ခေါင်းစွပ်များ စွပ်ထားကြသည့် ရဲတပ်ဖွဲ့ဝင်များသည် နေအိမ်အချို့ကို ဝန်းရံထားခဲ့သည်။

အသက်(၂၃)နှစ်ရှိ မက်လစ်ဂျာဆာရီဗစ်အမည်ရှိ သေနတ်သမားကို ဆာရာယေဗိုမြို့ရှိ အမေရိကန်သံရုံးအဆောက်အအုံအား အောက်တိုဘာ ၂၈ ရက်က အနည်းဆုံးနာရီဝက်ခန့် သေနတ်ဖြင့် ပစ်ခတ်ခဲ့သူဟု စွပ်စွဲထားသည်။ ယင်းပစ်ခတ်မှုဖြစ်စဉ်တွင် အစောင့်ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သေနတ်သမား ထွက်မပြေးနိုင်စေရန် ရဲတပ်ဖွဲ့လက်ဖြောင့်တပ်သားတစ်ဦးက ၎င်း၏ ခြေထောက်ကို ပစ်ခဲ့ကြောင်း သိရသည်။

ဂျာဆာရီဗစ်ဟု ယူဆရသူ သေနတ်သမားသည် လမ်းဆုံတစ်ခုမှနေ၍ သေနတ်ကို ဝှေ့ယမ်းကာ အမေရိကန်သံရုံးဘက်ဆီသို့ မကြာမကြာ ချိန်ရွယ်ခဲ့သည်ကို အေပီသတင်းဌာနက ရရှိခဲ့သော အပျော်တမ်း ဗီဒီယိုခွေတွင် တွေ့မြင်ခဲ့ရသည်။

အခြားသော ဗီဒီယိုပြကွက်တစ်ခုတွင်မူ လက်ဖြောင့်ရဲတပ်သားက ၎င်းကို ပစ်သည့်အတွက် မြေပြင်သို့ လဲကျသွားပုံကိုတွေ့မြင်ရသည်။

ဂျာဆာရီဗစ်သည် ဝါဟာဗီအဖွဲ့၏ နောက်လိုက်တစ်ဦး ဖြစ်သည်ဟု ယုံကြည်ရပြီး ၎င်းသည် ဝွန်ဂျာမာအိုကာကျေးရွာသို့ ယမန်နှစ်နှင့် ယခုနှစ်တွင် အကြိမ်ကြိမ်သွားရောက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

သေနတ်သမားနှင့် အစောင့်ရဲတပ်ဖွဲ့ဝင်တို့ နှစ်ဦးလုံးကို ဆေးရုံတင် ကုသပေးလျက်ရှိပြီး အသက်အန္တရာယ် ထိခိုက်နိုင်သည့်ဒဏ်ရာမရရှိခဲ့ကြကြောင်း အာဏာပိုင်များက ပြောသည်။ **အင်တာနက်။**



**ဆာရာယေဗိုမြို့ရှိ အမေရိကန်သံရုံးကို ပစ်ခတ်ခဲ့သော သေနတ်သမားကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**ထိုင်းနိုင်ငံ ဗန်ကောက်မြို့မြောက်ပိုင်း လူနေဒေသ၌ ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေစဉ်။**

# ဗန်ကောက်မြို့တော်အား ရေလွှမ်းမိုးမည့်အန္တရာယ် စိုးရိမ်ရဆဲဖြစ်

**ဗန်ကောက် အောက်တိုဘာ ၃၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်ကို ခြိမ်းခြောက်လျက်ရှိသည့် ရေလွှမ်းမိုးမှုအန္တရာယ်ကြောင့် လိုအပ်ပါက ဘေးလွတ်ရာရွှေ့ပြောင်းခိုလှုံနိုင်ရေးအတွက် အသင့်ပြင်ထားရန် မြို့တော်မြောက်ဘက် တူးမြောင်းများ၏ နံဘေးတစ်ဖက်တစ်ချက်၌ နေထိုင်ကြသော ဒေသခံများအား အာဏာပိုင်များက တနင်္ဂနွေနေ့တွင် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဗန်ကောက်မြို့တော်ကို ဖြတ်သန်းစီးဆင်းသော ကျောက်ဖရားမြစ်ကမ်းတစ်လျှောက် တည်ဆောက်ထားသည့် အရေးပေါ် ရေတားတံတိုင်းများသည် ဆောင်းဦးရာသီ ဒီရေမြင့်တက်ချိန်ကာလအတွင်း မြစ်ကမ်းကို ရေများကျော်လွန်လာခြင်း မရှိစေရန် တားဆီးထားကြောင်း သတင်းများတွင်ဖော်ပြသည်။

ကျောက်ဖရားမြစ်တစ်လျှောက် တည်ဆောက်ထားသော ရေထိန်းနံရံများကြောင့် လူဦးရေ ၁၂ သန်း နေထိုင်သည့် ဗန်ကောက်မြို့တော်အတွင်း ရေများဝင်ရောက်လာမည့်အရေးနှင့် ပတ်သက်၍ စိုးရိမ်မှုများ လျော့ပါးခဲ့ရသည်။

သို့ရာတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားရာ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသမှ ရေများသည် ဗန်ကောက်မြို့တော် ဆင်ခြေဖုံးဒေသများသို့ အဆက်မပြတ်စီးဝင်ခဲ့ရာ မြို့တော်မြောက်ဘက် လူနေဒေသများနှင့် ကျောက်ဖရားမြစ် အနောက်ဘက်ကမ်း ဒေသများ၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဗန်ကောက်မြို့တော်မြောက်ပိုင်း လက်ခ်ဆိုင်း၊ လက်ဖရို၊ ချာတူချက်ခ်နှင့် ဘင်ခန်ခရိုင်များရှိ တူးမြောင်းများနံဘေးတစ်ဖက်တစ်ချက်၌ နေထိုင်ကြသူများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအတွက် အရန်သင့်ပြင်ဆင်ထားရန် နှိုးဆော်ထားကြောင်း ဗန်ကောက်မြို့တော်ဝန်က ပြောကြားခဲ့သည်။

ပုံမှန်မဟုတ်သော မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် သုံးလကြာ ရေလွှမ်းမိုးမှုဘေးဒုက္ခအတွင်း ထိုင်းနိုင်ငံတစ်ဝန်း၌ အနည်းဆုံးလူ ၃၈၁ ဦး သေဆုံးခဲ့ရပြီး နေအိမ်သန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

*အင်တာနက်။*

# တရုတ်ကျောက်မီးသွေးတွင်း ပေါက်ကွဲ အလုပ်သမား ၂၉ ဦး သေဆုံး

**ဟန်ယန်း အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင်ရှိသော ကျောက်မီးသွေးတွင်းတစ်တွင်း၌ မီသိန်းဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၉ ဦးသေဆုံးပြီး အချို့ပိတ်မိနေကြောင်း အောက်တိုဘာ ၃၀ ရက်သတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၂၉ ရက် ညနေ ၆ နာရီခန့်က ဟူနန်ပြည်နယ် မြို့တော်ဟန်ယန်းမြို့ရှိ ရှလျူချုံ ကျောက်မီးသွေးတွင်း၌ အဆိုပါ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားသည်။

## ၂၉ ဦးသေဆုံး

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ကျောက်မီးသွေးတွင်း၏ မြေအောက်ခန်း၌ အလုပ်သမား ၃၅ ဦး အလုပ်လုပ်ကိုင်လျက်ရှိသည်။ ပေါက်ကွဲမှုကြောင့် အလုပ်သမား ၂၉ ဦးသေဆုံးကာ ခြောက်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

တရုတ်နိုင်ငံအနောက်တောင်ဘက်ရှိ စီချွမ်ပြည်နယ်တွင်လည်း အောက်တိုဘာ ၁၇ ရက်က ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမားရှစ်ဦးသေဆုံးခဲ့ရသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင်လည်း ကျောက်မီးသွေးတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ၁၁ ဦး သေဆုံးခဲ့ရသည်။

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းများသည် ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံး ကျောက်မီးသွေးတွင်းများ စာရင်းတွင် အပါအဝင်ဖြစ်လာကြောင်း၊ ၂၀၁၀ ပြည့်နှစ်အထိ ကျောက်မီးသွေးတွင်း မတော်တဆမှုများကြောင့် လူပေါင်း ၂၄၃၃ ဦး သေဆုံးခဲ့ရကြောင်း တရားဝင်ထုတ်ပြန်သော သတင်းများတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# သီဟာနု၏ ပြည်တော်ပြန် နှစ်(၂၀)ပြည့်အခမ်းအနား ကျင်းပ

**ဖနွမ်းပင် အောက်တိုဘာ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ၏ နန်းစွန့်ဘုရင် သီဟာနု ပြည်နှင်ဒဏ်ခံရပြီးနောက် ဌာနေနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့် နှစ် (၂၀) ပြည့် အထိမ်းအမှတ်နှင့် ၎င်း၏ ၈၉ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားကို ကမ္ဘောဒီးယား တော်ဝင်ဘုရင့်နန်းတော်ရှေ့တွင် ကျင်းပခဲ့ပြီး သီဟာနု၏သားတော် လက်ရှိ ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒမ်သီဟာမိုနီ၊ အထက်လွှတ်တော်ယာယီဥက္ကဋ္ဌ မင်းသားဆီဆိုဝပ်ချိုင်ဗန်မိုနီရက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဟင်ဆန်ရင်၊ ဝန်ကြီးချုပ် ဟွန်ဆင်နှင့် နိုင်ငံခြားသံတမန်များ တက်ရောက်ကြသည်။

နန်းစွန့်ဘုရင် သီဟာနုအနေဖြင့် ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်းက ၎င်း၏အရိုက်အရာကို သားဖြစ်သူ နိုရိုဒမ်သီဟာမိုနီထံ လွှဲအပ်ပြီးချိန်နောက်ပိုင်း အများပြည်သူမြင်ကွင်းသို့ ပထမဆုံးအကြိမ် ထွက်ပေါ်လာခြင်းဖြစ်သည်။

***ဆင်ဟွာ။***



# အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးနိုင်လျှင် ဆုငွေဒေါ်လာတစ်သန်းပေးမည်ဟု ကမ်းလှမ်း

**ရီးယက်ဒ် အောက်တိုဘာ ၃၀**

ပါလက်စတိုင်းအကျဉ်းသားများနှင့် အလဲအလှယ်ပြုလုပ်နိုင်ရေးအတွက် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးပေးသူမည်သူ့ကိုမဆို ဆုငွေအမေရိကန်ဒေါ်လာတစ်သန်းအထိ တိုးမြှင့်ပေးအပ်သွားရန် ဆော်ဒီအာရေဗျ တော်ဝင်မိသားစုဝင်တစ်ဦးက ကမ်းလှမ်းထားကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြထားသည်။

အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးနိုင်ပါက ဆုငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ပေးအပ်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သူ ဆော်ဒီတရားဟောဆရာတစ်ဦးကို အစ္စရေးတို့က ခြိမ်းခြောက်ခဲ့ကြောင်း သတင်းများပေါ်ထွက်လာသည့်အတွက် တုံ့ပြန်သည့်အနေဖြင့် ဆုငွေပမာဏတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီတော်ဝင်မိသားစုဝင် မင်းသားခါလက်ဘင်တာလေက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမားစ်အုပ်စုက ငါးနှစ်ကျော်ကြာဖမ်းဆီးထားခဲ့သည့် ဂီးလက်ဒ်ရှလစ်အမည်ရှိ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး အကျဉ်းသားချင်း ဖလှယ်ရေး အစီအစဉ်အရ လွတ်မြောက်ခဲ့ပြီးနောက် ဆော်ဒီမင်းသား၏ ကမ်းလှမ်းချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဂီးလက်ဒ်ရှလစ် ပြန်လည်လွတ်မြောက်ရေးအတွက် အပြန်အလှန်အားဖြင့် အစ္စရေးနိုင်ငံက ပါလက်စတိုင်း အကျဉ်းသား ၁၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရသည်။

**အင်တာနက်။**



**ပြင်သစ်နိုင်ငံ ပါရီမြို့၌ ရုံးစိုက်ထားသော ယူနက်စကို အဖွဲ့ဌာနချုပ်။**

# ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ်လက်ခံရေး ယူနက်စကို မဲခွဲဆုံးဖြတ်မည်

ပါရီ အောက်တိုဘာ ၃၀

**ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ အထွေထွေညီလာခံသည် ပါလက်စတိုင်းဒေသအား တင်းပြည့်အဖွဲ့ဝင်နေရာပေးသင့်၊ မပေးသင့်ကို အောက်တိုဘာ ၃၁ ရက်တွင် မဲခွဲဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။**

ယူနက်စကို အထွေထွေညီလာခံ ကျင်းပစဉ်ကာလ အောက်တိုဘာ ၃၁ ရက်တွင် ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး ရီးယက်ဒ်အယ်လ်မာလ်ကီက မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ယင်းနေ့မှာပင် မဲခွဲဆုံးဖြတ်မှု လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပါလက်စတိုင်းဒေသကို တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါက ယူနက်စကိုအဖွဲ့အား ပေးအပ်လျက်ရှိသော ရန်ပုံငွေကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားခဲ့ပြီးဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုသည် ကုလ အထွေထွေညီလာခံ၌ ဗီတိုအာဏာသုံး၍ ဆုံးဖြတ်ချက်များအား ပယ်ဖျက်နိုင်သော်လည်း အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် သုံးပုံနှစ်ပုံက ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်အတည်ဖြစ်သည့် ယူနက်စကို အထွေထွေညီလာခံ၌ ဗီတိုအာဏာသုံးစွဲ၍ မရပေ။

လက်ရှိအချိန်တွင် ယူနက်စကိုအဖွဲ့ကြီး၌ လေ့လာသူအဖြစ် ပါဝင်လျက်ရှိသော ပါလက်စတိုင်းအနေဖြင့် တင်းပြည့်အဖွဲ့ဝင် ဖြစ်လာရေးအတွက် လိုအပ်သော ထောက်ခံမဲအရေအတွက်ရရှိရန် မခက်ခဲကြောင်း သံတမန်များက ပြောကြားခဲ့သည်။

သို့ရာတွင် ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံသည့် မည်သည့် ကုလသမဂ္ဂအဖွဲ့အစည်းမျိုးကိုမဆို ငွေကြေးအရ ထောက်ပံ့မှုရပ်ဆိုင်းနိုင်သည့် ဥပဒေနှစ်ရပ်အား အမေရိကန်ပြည်ထောင်စုက ၁၉၉၀ ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

ယင်းအတွက်ကြောင့် ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါက ယူနက်စကိုအဖွဲ့နှင့် အမေရိကန်အစိုးရတို့အကြား ပြဿနာတစ်ရပ် အလိုအလျောက် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

*အင်တာနက်။*

# တူရကီငလျင် အပျက်အစီးများအောက်၌ ငါးရက်ကြာ ပိတ်မိနေသူ လွတ်မြောက်

**အာစစ်(တူရကီ) အောက်တိုဘာ ၃၀**

တူရကီနိုင်ငံအရှေ့ပိုင်းတွင် ငလျင်ပြင်းထန်စွာလှုပ်ပြီးနောက် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံတစ်လုံး၏အောက်တွင် ငါးရက်ကြာမျှပိတ်မိနေသော (၁၃)နှစ်သား လူငယ်တစ်ဦးသည် ကျောက်ခဲတစ်လုံးကိုအသုံးပြု၍ အပေါက်တစ်ခု ကြိုးစားတူးဖောက်ကာလွတ်မြောက်ခဲ့ကြောင်း ၎င်း၏ ဦးလေးတော်စပ်သူက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။ ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိသည့် ငလျင်ဒဏ်ကြောင့် ပျက်စီးပြိုကျခဲ့သော အဆောက်အအုံပျက်များကြားမှ နောက်ဆုံး ရှင်သန်လွတ်မြောက်လာသူ ဖရက်တိုကေကို ဆိုသူလူငယ်ကို အဇာဘိုင်ဂျန်နိုင်ငံမှ ကယ်ဆယ်ရေးသမားများက ကယ်ထုတ်နိုင်ခဲ့ကြသည်။ ၎င်းလူငယ်သည် မိုးရေများကိုသောက်၍ အသက်ဆက်ခဲ့ခြင်းဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

**အင်တာနက်။**

# မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ ဖြစ်ပေါ်တိုးတက်မှုအစဉ်သည် အရေးပါသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ် ပါတီများစွာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဤပြောင်းလဲမှုဖြစ်စဉ်သည် အထင်အရှားဖြစ်ပေါ်နေသည်ဆိုသည်ကို တွေ့မြင်ရ

နေပြည်တော် အောက်တိုဘာ ၃၀

**၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dr. R.M Marty M. Natalegawa က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။**

ယင်းသတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ယမန်နေ့က ဂျကာတာမြို့မှ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး မြန်မာအစိုးရ၏ လှိုက်လှဲပျူငှာစွာ ကြိုဆိုဧည့်ခံမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် အထူးကျေးဇူးတင်ကြောင်း၊ မိမိ၏ လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့မှုအတွက်လည်း အထူးပင် ကျေနပ်အားရမိပါကြောင်း။

ယမန်နေ့က ထင်ရှားသောပုဂ္ဂိုလ်များ၊ မြန်မာလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံတော်သမ္မတကို တွေ့ဆုံဂါရဝပြုခွင့်ရရှိခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးတို့နှင့် တွေ့ဆုံခွင့်ရရှိခဲ့သည့်အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခွင့်ရရှိခဲ့ပါကြောင်း၊ ထို့ပြင် အချိန်တိုအတွင်းမှာပင် ပါတီအဖွဲ့အစည်းအသီးသီးနှင့် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ပြီး သမိုင်းကြောင်းတစ်လျှောက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့သည့် နိုင်ငံများဖြစ်ပါကြောင်း၊ ထို့ပြင် တူညီသည့် သမိုင်းကြောင်းနှင့် ဘုံရပ်တည်ချက်ရှိခဲ့သည့် နိုင်ငံများဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးအချက်မှာ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် ဖြစ်ပေါ်တိုးတက်မှုအစဉ်သည် အရေးပါသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်ဟု မိမိခံစားမိပါကြောင်း၊ ပါတီများစွာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဤပြောင်းလဲမှုဖြစ်စဉ်သည် အထင်အရှားဖြစ်ပေါ်နေသည်ဆိုသည်ကို တွေ့မြင်ရပါကြောင်း၊ ဤဖြစ်စဉ်သည် ဒီမိုကရေစီဖြစ်စဉ်၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် ပိုမိုကောင်းမွန်သော လူ့အခွင့်အရေးစနစ်လမ်းကြောင်းပေါ်သို့ ရွေ့ဆက်သွားနေပြီး နောက်ကြောင်းပြန်လည်သွားရန် အလားအလာမရှိနိုင်ဟု မိမိမျှော်လင့်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လေ့လာဆွေးနွေးသိရှိခဲ့ရသည့်အချက်များကို အာဆီယံလုပ်ဖော်ကိုင်ဖက် နိုင်ငံခြားရေးဝန်ကြီးများထံသို့ ပြန်လည်၍ ထောက်ခံတင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ ဘာလီကျွန်းတွင် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီးညီလာခံသို့လည်း တင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီတည်ဆောက်ရာ၌ အပြုသဘော ပါဝင်ဆောင်ရွက်ပေးရန်ကိုလည်း ပုဂ္ဂိုလ်ရေးအရ တိုက်တွန်းပြောကြားခဲ့ပါကြောင်း၊ ယခု မေးမြန်းလိုသော မေးခွန်းများကို မေးမြန်းနိုင်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် တက်ရောက်လာကြသည့် သတင်းထောက်များ၏ မေးမြန်းချက်များနှင့် ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဒေါ်နွယ်နွယ်အေး မေး။** ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအနေဖြင့် တာဝန်ယူဆောင်ရွက်နိုင်မည့် အခြေအနေရှိပါသလား။

**ဖြေ။** ကျွန်တော်ဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပဏာမလာရောက်လေ့လာခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုဟာ သိသာထင်ရှားစွာ ပြောင်းလဲခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီ ပြောင်းလဲမှုတွေဟာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူရေးအတွက် အထောက်အကူဖြစ်စေသည်ဟု ကျွန်တော်ယူဆပါတယ်။ ကျွန်တော့်ရဲ့ အကဲဖြတ် တွေ့ရှိချက်တွေကို ဂျကာတာရောက်တဲ့အခါမှာ လုပ်ဖော်ကိုင်ဖက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို ပြန်လည်မျှဝေပေးမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအတွက် မြန်မာနိုင်ငံမှ တာဝန်ယူဆောင်ရွက်ခြင်းသည် အထူးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ အကြောင်းမှာ ၂၀၁၅ ခုနှစ် အာဆီယံအဖွဲ့ကြီး၏ ဒီမိုကရေစီအသိုင်းအဝိုင်း တည်ဆောက်ရေး၏ အကြိုကာလတွင် ရောက်ရှိနေပါတယ်။ ဒီအချိန်ကာလဟာ အာဆီယံအဖွဲ့ကြီး၏ လိုလားချက်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်ရမှာဖြစ်ပါတယ်။

**မေး။** မည်သည့်အတွက်ကြောင့် တခြားလူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုမပြုပါသလဲ။

**ဖြေ။** ယမန်နေ့က လူမှုအဖွဲ့အစည်းအချို့နှင့် တွေ့ဆုံခဲ့ပါတယ်။ အချိန်ကန့်သတ်ချက်ကြောင့် အားလုံးနှင့် တွေ့ဆုံဖို့ မဖြစ်နိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့ပါတယ်။ ယခင်ကဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဖို့ဆိုတာ မဖြစ်နိုင်တဲ့အရာဖြစ်ပြီးတော့ ယခုအခြေအနေကတော့ မကြုံစဖူး တိုးတက်မှုအခြေအနေကို တွေ့ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ဖြစ်ပျက်နေတဲ့အခြေအနေများကို နားလည်ခွင့် ရရှိခဲ့ပါတယ်။

**ဦးအောင်လှထွန်း မေး။** ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားဟာ ဘယ်လောက်အရေးကြီးပါသလဲ၊ ဘယ်လိုရှိပါသလဲ။

ဖြေ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားဟာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ အာဆီယံအနေနဲ့ ပြည်သူလူထု၏ ဆန္ဒနှင့် အမြဲတမ်းထိတွေ့ဆက်ဆံလျက်ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် အပြုသဘောအမြင်ရှိပြီး အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရှိတယ်ဆိုတဲ့ သူမရဲ့ နားလည်သဘောပေါက်မှုကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မြန်မာပြည်သူအားလုံး လိုလားတဲ့ ဆန္ဒဖြစ်သကဲ့သို့ အာဆီယံပြည်သူများရဲ့ ဆန္ဒလည်း ဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြောဆိုဆွေးနွေးခဲ့ပါတယ်။

**မေး။** မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်ပါသလား။

**ဖြေ။** ယခုအချိန်မှာ မည်သူ့ထံတွင်မျှ ဗီတိုအာဏာမရှိပါ။ အကြောင်းမှာ အာဆီယံအဖွဲ့သည် ပွင့်လင်းတဲ့ ဒီမိုကရေစီအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။

**မေး။** သင့်အနေဖြင့် ဟုတ်တယ်၊ မဟုတ်ဘူး၊ မီးစိမ်း(သို့)မီးနီပြနိုင်ပါသလား။

**ဖြေ။** ကျွန်တော်တို့ထံတွင် မီးနီ(သို့)မီးစိမ်း မရှိပါ။ ကျွန်တော်ဟာ အချက်ပြမီးပွိုင့်တစ်ခု မဟုတ်ပါဘူး။

**သတင်းထောက် မေး။** သင့်ရဲ့အမြင်အားဖြင့် မြန်မာနိုင်ငံဟာ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် လုံလောက်မှုရှိပါသလား။

**ဖြေ။** အဖြစ်အပျက်အားလုံးကို ကျွန်တော်အနေဖြင့် အပြည့်အဝ နားလည်သဘောပေါက်ရန်မှာ မဖြစ်နိုင်ပါ။ အရေးကြီးသော အချက်မှာ ပွင့်လင်းမှုနှင့် အမှန်ကိုသိရှိနိုင်ရန်သာ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံသည်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြုပြင်ပြောင်းလဲခဲ့တဲ့ နိုင်ငံဖြစ်တယ်။ မြန်မာနိုင်ငံကိုလည်း အားပေးအားမြှောက်ပြုပေးရန် အရေးကြီးပါတယ်။ အားလျော့အောင်လုပ်ဖို့ မဟုတ်ပါဘူး။ အာဆီယံမိသားစုအနေဖြင့် အားပေးကူညီဖို့အတွက်သာ ပြုလုပ်ရမှာဖြစ်တယ်။

**ဦးကိုကို မေး။** မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံရေးကို ထည့်သွင်းမစဉ်းစားဘဲ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပိုင်ခွင့်ရှိတယ် မဟုတ်လား။

**ဖြေ။** နိုင်ငံတိုင်းဟာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် လိုက်နာရမယ့် တာဝန်ဝတ္တရားတွေ ရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံတိုင်းဟာ တာဝန်ဝတ္တရားများကို ခွဲဝေယူရပါတယ်။ မြန်မာနိုင်ငံဟာ ဒီတာဝန်ကို ထမ်းဆောင်နိုင်မယ်လို့ ဆန့်ကျင်ဘက်အုပ်စုများရဲ့ အသိအမှတ်ပြုခြင်းကို မခံရပါဘူး။

**ဦးအောင်သူမြိုင် မေး။** သင့်အနေဖြင့် အစိုးရဘက်နှင့်ရော အခြားဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့်ပါ တွေ့ဆုံခဲ့ပြီးဖြစ်တဲ့အတွက် ဒီခရီးစဉ်နှင့် ပတ်သက်၍ သင့်ရဲ့အမြင် ဘယ်လိုရှိပါသလဲ။

**ဖြေ။** မြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ တိုးတက်မှုတွေကို တွေ့နေရပါတယ်။ ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခဲ့သလို နိုင်ငံတော်သမ္မတနှင့်လည်း ရင်းနှီးစွာ ဂါရဝပြု တွေ့ဆုံခွင့် ရရှိခဲ့ပါတယ်။ အရေးကြီးသော ကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ရပါတယ်။

**မေး။** နှစ်ဦးနှစ်ဖက်နှင့် တွေ့ဆုံပြီးနောက် သင့်အနေဖြင့် မည်ကဲ့သို့ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ပါသလဲ။

**ဖြေ။** နှစ်ဦးနှစ်ဖက်တွင် အခြေခံရပ်တည်ချက်ချင်း တူညီသည်ကို တွေ့ရပါတယ်။ ၎င်းတို့ဟာ အဖြေရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ကြပါတယ်။ မြန်မာပြည်သူများကသာ အနာဂတ်ကို အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ အခုအချိန်ဟာ လူတိုင်း ပါဝင်ဆောင်ရွက်ရမည့် အချိန်ဖြစ်ပါတယ်။ မြန်မာအစိုးရရော ဒေါ်အောင်ဆန်းစုကြည်ကပါ ပြဿနာရပ် အဖြေရဲ့ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေကြပါတယ်။

**ဦးကိုကို မေး။** သင်ရဲ့ခရီးစဉ်ဟာ ရည်ရွယ်ချက်ပေါင်းစုံပါဝင်တဲ့ လုပ်ငန်းတာဝန် ဖြစ်ပါသလား။

**ဖြေ။** ဟုတ်ပါတယ်။

**သတင်းထောက် မေး။** ဘာလီကျွန်းထိပ်သီးညီလာခံသို့ အမေရိကန်နှင့် ရုရှားသမ္မတတို့ တက်ရောက်ကြပါမည်လား။

**ဖြေ။** အမေရိကန်သမ္မတ လာရောက်မည်ဟု ကြားသိရပါတယ်။ ရုရှားသမ္မတအနေဖြင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်စရာများရှိသဖြင့် လာရောက်နိုင်မည်မဟုတ်ပါ။ နယူးဇီလန်နိုင်ငံကလည်း လာနိုင်မည်မဟုတ်ပါ။ ပြည်တွင်းနိုင်ငံရေးကိစ္စများကြောင့် ဖြစ်ပါတယ်။

**သတင်းထောက် မေး။** ဘာလီညီလာခံတွင် သမ္မတအိုဘားမားနှင့် သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံရန် ရှိ/မရှိ သိလိုပါတယ်။

**ဖြေ။** ကျွန်တော်သေချာမသိပါ။ ဘာလီဧရိယာမှာ အထူးနေရာဒေသဖြစ်သည့်အတွက် လူတိုင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ရှိပါတယ်။

**သတင်းထောက် မေး။** အခြားသော နိုင်ငံရေးပါတီများနှင့် တွေ့ခဲ့သေးသလား။

**ဖြေ။** ပါလီမန်တွင် တွေ့ဆုံခဲ့ပါတယ်။

## အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R. M. Marty M. Natalegawa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Sebastianus Sumarsono နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### တွေ့ဆုံ

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးသည် ယမန်နေ့ည ၇ နာရီ ၁၀ မိနစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးသည် ည ၉ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ ပြည်တွင်း၊ ပြည်ပသတင်းထောက်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကာ သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။ (သတင်းစဉ်)



## လူမှုဝန်ထမ်းဦးစီးဌာနသို့ UNHCR မှ စာအုပ်များနှင့် ပရိဘောဂများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လူမှုဝန်ထမ်းဘာသာရပ်ဆိုင်ရာ စာအုပ်များနှင့် စာကြည့်တိုက်အတွက် စာအုပ်စင်၊ စာကြည့်စားပွဲ၊ ကုလားထိုင်၊ စားပွဲတင် အံဆွဲများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေကိုယ်စားလှယ် Mr.Johannes G. Ten Feld က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းဘာသာရပ်ဆိုင်ရာ စာအုပ်များနှင့် ပရိဘောဂပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်**(ဝဲပုံ)**ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကချင်ပြည်နယ် မြန်မာ့သိုင်း ဗန်တို/ဗန်ရှည် (၁/၂၀၁၁) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြန်မာ့သိုင်း ဆပ်ကော်မတီနှင့် ဝိုင်းမော်မြို့နယ် အာကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်း၍ မြန်မာ့သိုင်း ဗန်တို/ ဗန်ရှည် (၁/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် မိုင်းနားကျေးရွာ လဝမ်ရပ်ကွက် ဦးလဝမ်လီ အောက်မေ့ဘွယ်ခန်းမ၌ ကျင်းပသည်။

### ဂုဏ်ပြုဆုချီးမြှင့်

သင်တန်းဆင်းပွဲတွင် မြစ်ကြီးနားခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးယောနသန်၊ သင်တန်းပင်မနည်းပြဆရာကြီး ဦးအောင်မြင့်၊ မိုင်းနားကျေးရွာ အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြကာ ဝိုင်းမော်မြို့နယ် ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းလက်မှတ်နှင့် ပြည်နယ်ဂုဏ်ဆောင် အားကစားသမားလေးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အောင်ဆုနှင့်ပြန်ခဲ့ပါ မြန်မာဘောလုံး

**အေးမြင့်ကြူ (စစ်တက္ကသိုလ်)**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပမည့်ရက်က တစ်ရက်ပြီးတစ်ရက် နီးကပ်လာပါပြီ။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာဗားကျွန်းရှိ ဂျာကာတာမြို့တော်နှင့် ဆူမတြားကျွန်းကြီးပေါ်ရှိ ပါလမ်ဘန်မြို့တို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ပါသည်။ ရက်ပိုင်းသာလိုပါတော့သည်။ အချို့သောအားကစားနည်းတို့သည် ဖွင့်ပွဲမတိုင်မီ စတင်ယှဉ်ပြိုင်ရတော့မည်ဖြစ်ရာ ကြိုတင်ထွက်ခွာခြင်း၊ ယှဉ်ပြိုင်အားကစားပစ္စည်းများကို ကြိုတင်ပေးပို့ခြင်းများ ပြုလုပ်နေကြပါပြီ။ လှေလှော်ပြိုင်ပွဲ၊ ရွက်လှေပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲစသည်တို့တွင် မိမိတို့သုံးမည့် အားကစားပစ္စည်းများကို ကြိုပို့ထားရပါမည်။ စစ်မြေပြင်ဟုခေါ်ဆိုနိုင်သော ရေပြင်၊ မြေပြင်၊ လေပြင်၊ ရေကြောင်း၊ မြေကြောင်း၊ လေကြောင်းရာသီဥတုကအစ အသားကျဖြစ်ရန် အနေအထားမှန်ကိုသိရှိရန် လုပ်ရပါတော့မည်။

ယှဉ်ပြိုင်ရမည့် အားကစားနည်းတိုင်းတွင် မြန်မာတို့ အလားအလာရှိသည်ဖြစ်စေ၊ အလားအလာမရှိသည်ဖြစ်စေ အနိုင်ရရေး၊ ပုံပျက်ပန်းပျက် မရှုံးနိမ့်ရေးအတွက် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်၊ အားကစားနည်းနှင့်ဆိုင်သော အုပ်ချုပ်သူ၊ နည်းပြတို့က အစွမ်းကုန် (တကယ်ပင် ငွေစွမ်း၊ ဉာဏ်စွမ်း၊ ခွန်အားစွမ်း) ပြင်ဆင်ကြိုးပမ်းခဲ့ကြပါသည်။ ကြိုးပမ်းဆဲလည်းဖြစ်ပါသည်။ ပြိုင်ပွဲစစ်မြေပြင်ရောက်တော့လည်း ကိုယ်တိုင်ပါဝင်မယှဉ်ပြိုင်နိုင်သည့်တိုင် အားကစားသမားများကို ထိန်းကွပ်အားကိုး၊ အားပေးချီးမြှင့်ကြရဦးမည်ဖြစ်ပါသည်။

**နောင်လာမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကိုမူ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် တာဝန်ယူထားပါသည်။ ယင်းသို့ အိမ်ရှင်အဖြစ် တာဝန်ခံကျင်းပခြင်း၊ ယှဉ်ပြိုင်ရခြင်းဖြစ်လာသည်နှင့်အမျှ ပြည်သူလူထုအပေါင်းအနေဖြင့်လည်း SEA Games ကြီးအပေါ် စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှု ပိုမိုလာကြသည်ကို သတိထားမိပါသည်။ အားကစားဝန်ကြီးဌာန ဘာလုပ်နေလဲ၊ ဘာလုပ်မှာလဲ၊ ဘယ်လိုလုပ်မှာလဲဆိုသော မေးခွန်းများကလည်းကောင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများနှင့် တွေ့ဆုံလေတိုင်း SEA Games အတွက် လုပ်နေရတော့ တော်တော်အလုပ်များမှာပဲပေါ့ဟု စူးစမ်းသောမေးခွန်းများက လည်းကောင်း ပြည်သူတို့၏စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို ဖော်ပြနေသည်ဟု သိသာလှပါသည်။**

ယင်းစူးစမ်းသော မေးခွန်းများအားလုံးနီးပါးကို လွယ်လင့်တကူ တုံ့ပြန်ဖြေကြားနိုင်ပါသော်လည်း ဖြေရခက်ပြီး ကရုဏာဒေါသောဖြစ်ရမှုက ဘောလုံးအသင်းနိုင်ပါ့မလားဆိုသောမေးခွန်းပါပင်။ မကြာသေးမီကပဲ မြန်မာဘောလုံးအဆင့်အတန်းမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို အမျိုးသားအဆင့် National Level အဖြစ် ကျင်းပပေးခြင်းဖြစ်ပြီး အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့စီစဉ်မှုအရ စာတမ်းရှင်များခေါ်ယူခြင်း၊ ကြိုတင်ညှိနှိုင်းခြင်း၊ အလုပ်ရုံဆွေးနွေးပွဲအတွက် လုပ်ငန်းစဉ်ချမှတ်ခြင်း ပြုလုပ်ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲဆိုစေကာမူ ပထမအဆင့်တွင် ဘောလုံးအားကစားနည်းနှင့်ဆိုင်သောကဏ္ဍများမှ တူရာတူရာရှုထောင့်များကို စုစည်းတည်းဖြတ်ပြီး စာတမ်းဖတ်ပွဲအသွင် စီစဉ်ထားခြင်းဖြစ်ပါသည်။ ဘောလုံးအားကစားဝါသနာရှင်များ၊ ဘောလုံးအားကစားမီဒီယာများ၊ MNL ပြိုင်ပွဲဝင် အားကစားအသင်းကြီးများမှ စာတမ်းရှင်များ၊ အစဉ်အလာရှိ ဘောလုံးအားကစားသမားကြီးများ၊ အားကစားဆိုင်ရာ ဆေးပညာရှင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနမှ စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပါသည်။ အားကစားမီဒီယာအသိုင်းအဝိုင်းများနှင့် တက်ရောက်သူများက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် MFF ဥက္ကဋ္ဌတို့ကို Press ရှင်းလင်းပွဲဆန်ဆန် မေးမြန်းမှုတို့ကိုလည်း တာဝန်ရှိပုဂ္ဂိုလ်နှစ်ဦးလုံးက ဝမ်းမြောက်ဝမ်းသာ လက်ခံဖြေကြားခဲ့ပါသည်။

မြန်မာနိုင်ငံဘောလုံးတာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များက ဘောလုံးအားကစားကို အမျိုးသားအားကစားဖြစ်နေပြီဟုပင် သုံးနှုန်းကြပါသည်။ ရိုးရာခြင်းလုံး၊ ရိုးရာလက်ဝှေ့၊ ရိုးရာကျေးလက်အားကစားတို့ကို ခေတ္တမေ့ပြီး ဘောလုံးအားကစားနည်းကိုပင် အမျိုးသားအားကစားနည်းအဖြစ် စိတ်ဝင်စားအားထုတ်ခဲ့ကြပါသည်။ တစ်မျိုးသားလုံး၏ ဂုဏ်သိက္ခာနှင့်ဆိုင်သော ယှဉ်ပြိုင်မှုဟု သမိုင်းသစ်တာဝန်အရ သတ်မှတ်နေကြပြီဖြစ်ပါသည်။ အမှန်တော့ IOC ခေါ် International Olympic Committee က သတ်မှတ်အားကစားနည်းမှာ ပြေးခုန်ပစ်နှင့် ရေကူးသာ ရှိသည်။ SEA Games ပြိုင်ပွဲများတွင် ပြေးခုန်ပစ်အားကစားနည်းအားလုံး၊ ရေကူး အားကစားနည်းအားလုံးသည် လျှော့၍ပယ်ချ၍မရသော IOC ၏ သတ်မှတ်အားကစားနည်းဖြစ်သည်။ သတ်မှတ်သော အမျိုးအစား မီတာ ၁၀၀၊ ၂၀၀၊ လက်ဆင့်ကမ်း၊ သံလုံးပစ်၊ သတ်မှတ်ထားသော မီတာ ၁၀၀ အလွတ်ကူး၊ မီတာ ၂၀၀ အလွတ်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး၊ ပန်းအလှဖော်၊ ဒိုင်ဗင်စသည့် ဆိုင်ရာ အားကစားနည်းအားလုံး ယှဉ်ပြိုင်ရမည်သာဖြစ်ပါသည်။ ယင်းသို့အခြေအနေမျိုးမှာပင် ကျွန်တော်တို့အားလုံးသည် ရွှေတံဆိပ်တစ်ခုသာရနိုင်သော ဘောလုံးကို "ဘောလုံးမှ ဘောလုံး" အားပေးမြှင့်တင်နေကြသည်မှာ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ဂုဏ်သိက္ခာနှင့်ဆိုင်သော ယှဉ်ပြိုင်မှုဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။

**SEA Games ပြိုင်ပွဲများတွင် ကျွန်တော်တို့နိုင်ငံသည် ပြေးခုန်ပစ်နှင့် ရေကူး နှစ်မျိုးလုံး၌ အားနည်းပါသည်။ ရေကူးသည် တစ်ယောက်တည်းကို နှစ်ရှည်ရင်းနှီးမြှုပ်နှံ မွေးမြူပေးခဲ့လျှင် တစ်ဦးတည်းက ရွှေခုနစ်ခု၊ ရှစ်ခုရနိုင်အောင် ရလဒ်ကောင်းနိုင်ပါသော်လည်း ဘောလုံးအသင်းလို လူ ၂၀ လောက် တစ်သင်းလုံးကစားပြီးမှ ရွှေတံဆိပ်တစ်ခုသာ မျှော်မှန်းနိုင်သော ကစားနည်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရင်းနှီးမြှုပ်နှံ မွေးမြူလေ့ကျင့်ခဲ့ရသည်မှာ ဘာကြောင့်ပါနည်း။ မတွက်တတ်၍မဟုတ်ပါ။ အထက်တွင်ဖော်ပြခဲ့သော အမျိုးသားရေးဂုဏ်ကြောင့်ဖြစ်ပါသည်။ အောင်မြင်မှုရသည့်အခါ ဝမ်းသာရလွန်း၍ကျခဲ့ရသော မျက်ရည်တစ်ပေါက်အတွက် တစ်တိုင်းပြည်လုံး မည်မျှပင်ပန်းကြရပါသနည်း။ အောင်ပွဲဆင်နိုင်ပါလျက် ပေါ့ဆဆလုပ်၍ ရှုံးသွားပြန်တော့လည်း နားလည်စိတ်ဖြင့် ခွင့်လွှတ်ခဲ့ရသည်မှာ တစ်တိုင်းပြည်လုံးကသာဖြစ်ပါသည်။ ယင်းကြောင့် မြန်မာ့ဘောလုံး ဘယ်လိုလဲဟု မေးတိုင်း ဖြေရခက်ပါသည်ဟု ပြောရခြင်း ဖြစ်ပါသည်။**

ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မွန်ဂိုအသင်းကို အသည်းအသန်ကန်၊ အိုမန်အသင်းကို ရှုံးသင့်၍ရှုံးခဲ့ရပြီး အာဆီယံယူ-၁၉ အိမ်ရှင်အဖြစ် လက်ခံကျင်းပရတော့လည်း မနိုင်ပြန်ပေ။ ယင်းအခြေအနေတွင် အားကစားသမားနှင့် နည်းပြတို့ကို အမြင်တစ်ခု ထုတ်ဖော်ထောက်ပြခဲ့ပါသည်။ တစ်တိုင်းပြည်လုံးက အမျိုးသားအားကစားပါဟု ခံယူနေချိန်တွင် သူတို့က ဘောလုံးဒီမိုကရေစီလုပ်ချင်နေသည်။ မြန်မာအသင်းအရှုံးမှ အနိုင်ရရေးသို့ဟု ဆောင်းပါးလေးနှင့် ကရုဏာဒေါသော အားပေးချိန် သူတို့က ယူ-၂၀ တွင် အောင်ပွဲဆင် ပြန်လာခဲ့ကြသည်။

**ပြည်သူတွေက ဝမ်းသာပီတိဖြစ်ပြီး တာဝန်ရှိသူများနှင့် အသိုင်းအဝိုင်းကလည်း လေဆိပ်တွင် ကြိုကြသည်။ ကိုယ်က ထိုင်းကိုနိုင်ပြီးပြန်လာတော့ ယူ-၁၉ ရှုံးခဲ့မှုကို မြန်မာအသင်း အကြွေးပြန်ဆပ်ပြီဟု မီဒီယာတွေက မြှောက်ပေးပြန်သည်။ ယင်းအောင်နိုင်မှုတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှားတို့သည် အရန်သင်းနှင့်မဟုတ်ဘဲ ပင်မအသင်းကြီးနှင့် ကစားကြတာ၊ အမှန်တကယ်နိုင်တာဟု ဂုဏ်မြောက်ကြပြန်ပါသည်။ ဝမ်းမြောက်ဂုဏ်ယူချီးကျူး၍မှမဆုံးသေးခင် ဘာမျှမကြာ ဗီယက်နမ်တွင် ကျင်းပသော ကြိုတင်ပွဲများ၊ ခြေရည်စူးစမ်းသည့် VFF ပြိုင်ပွဲတွင် ယူ-၂၃ မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှား၊ ဥဇဘတ်ကစ္စတန်တို့ကို ရှုံးလာပြန်သည်။ ထို့ကြောင့် တိုးတိုးတိတ်တိတ်ပဲ အိမ်ပြန်လာကြသည်လားမသိပါ။ သတင်းတောင် မနည်းလိုက်စုံစမ်းခဲ့ရပါသည်။ မိမိတို့ဘာအကြောင်းပြမည်လဲဆိုတာ စူးစမ်းသည်ထက် ဘာပြန်မြှင့်တင်ပေးလျှင် ကောင်းမည်နည်းဟု အဖြေရှာရပြန်ပါသည်။**

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များသည် မြန်မာဘောလုံးအသင်းအတွက် ဘောလုံးသမား စုစည်းရတာခက်မှု၊ ကျောင်းများတွင် ကာယချိန် အားကစားမလုပ်ဘဲ ကျူရှင်ပေးမှုကြောင့် မျိုးဆက်သစ်ရှားပါးမှု၊ ကျောင်းသား အားကစားပြိုင်ပွဲများ ကျင်းပရန်လိုအပ်မှု (ယခုနှစ် ဒီဇင်ဘာလတွင် ပညာရေးဝန်ကြီးဌာနက ကျင်းပပါမည်)၊ နိုင်ငံ၌ မကြွယ်ဝ၍ အားကစားကို မမြှင့်တင်နိုင်မှု၊ ကွင်း၊ ရုံ စသော အားကစား Super Structure များ မပြည့်စုံမှု၊ ဘောလုံးကစားသမားအချို့ IQ နည်း၍ တက္ကသိုလ်ကျောင်းသား ဘောလုံးသမားများပေါ်ထွက်ရန်လိုအပ်မှု၊ အဖွဲ့ချုပ်အနေဖြင့် တန်းဆင်းတန်းတက်စနစ်ကျင့်သုံးရန်လိုအပ်မှု၊ League အသင်းကြီးများ လူရွေးချယ် လေ့ကျင့်မှုနှင့် ဖွဲ့စည်းမှုခိုင်မာရန်လိုအပ်မှု၊ အားကစားဝန်ကြီးဌာန၏ ပံ့ပိုးအားပေးမှု နည်းပါးမှုစသည်ဖြင့် Policy မူဝါဒများ၊ Strategy မဟာဗျူဟာများ၊ အခြေခံအဆောက်အအုံများကိုသာ ဇောင်းပေးပြီး စီမံခန့်ခွဲမှု အားနည်းချက်အဖြစ် ရေးသားဖော်ထုတ်ကြတာများပါသည်။ မြန်မာဘောလုံးအသင်းနည်းပြများနေရာရမှုနှင့် အရည်အသွေး၊ ဘောလုံးအားကစားသမားတို့၏ နည်းပညာကျွမ်းကျင်မှုနှင့် စိတ်ဓာတ်ကိုထောက်ပြသော စာတမ်းဖတ်သွားသည်ဟု မကြားမိပေ။ သွယ်ဝိုက်တာဝန်ရှိနေသူ ဘောလုံးကစားနည်း ဝါသနာရှင်ဖြစ်သူတစ်ဦးအနေဖြင့်ပြောရပါမူ ဘောလုံးသမားတစ်ဦးချင်း၏ အခြေခံဘောလုံးပညာ ကျွမ်းကျင်ပိုင်နိုင်မှု အားနည်းနေ၍သာဖြစ်ပါသည်။ အာရှရှေ့ဆောင် ဂျပန်/ကိုရီးယားမှ ဘောလုံးသမားများ၊ အာရှတွင်ရှေ့ဆောင်တန်းဝင် အရှေ့အလယ်ပိုင်းမှ ဘောလုံးသမားများ၊ အရှေ့တောင်အာရှ 'ရှေ့ဆောင်' ဗီယက်နမ်၊ ထိုင်းအသင်းတို့မှ ဘောလုံးသမားများသည် ဘောလုံးအခြေခံပညာ တစ်ဦးချင်းကျွမ်းကျင်မှု၌ မိမိတို့မြန်မာအသင်းက ကလေးတွေထက်သာသည်ဟု ထင်ပါသည်။

**ယနေ့ကစားကွက်သည် TV နှင့် အားကစားသတင်းဂျာနယ် ရေးသားဖော်ပြချက်များအရ ၄-၄-၂ ကို အခြေခံထားသည်ဟု မြင်ပါသည်။ ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားခြင်း၊ ကွင်းလယ်ကစားကွက် အသာစီးရယူခြင်း၊ ရှေ့တန်း Strikers များ၏ တစ်ဦးချင်းထိုးဖောက်မှုကို အားကိုးစံထားခြင်းများ တွေ့ရပါသည်။ ယင်းသို့ဆိုလျှင် တစ်ဦးချင်းဘောလုံးပညာ ကျွမ်းကျင်မှုနည်းသော မည်သည့်အသင်းမဆို အနိုင်ရရှိရန်အခွင့်အရေး အလွန့်အလွန်ပင် နည်းပါးမှေးမှိန်ပါလိမ့်မည်။ အုပ်ချုပ်သူ၊ အသင်းပိုင်ရှင်၊ အသင်းတာဝန်ခံတို့ စဉ်းစားသင့်သော အလွန်ရိုးစင်းသည့် မဟာဗျူဟာကျသည့် စဉ်းစားဖော်ထုတ်ချက်ပင်ဖြစ်ပါသည်။ ဘောလုံးသမားတစ်ယောက်ကို ဈေးကြီးပေး၍ ပြောင်းရွှေ့ယူရန် ကြိုးစားသည်ကိုကသည်သဘောကို လက်ခံ၍ဖြစ်ပါသည်။ ယင်းသို့ဖြစ်ပါလျှင် တစ်ဦးချင်း အရည်အသွေးတိုးတက်အောင် လေ့ကျင့်ပေးတတ်သော အုပ်ချုပ်သူနှင့် နည်းပြ၊ လေ့ကျင့်မှုပုံစံ၊ အချိန်ဇယားတို့ ကြံဆရမည်ဟု ထင်ပါသည်။**

လိဂ် ဘောလုံးသမား လစာပေးသည်ကို များလို့၊ နည်းလို့ဆိုသော အကြောင်းများသည်လည်း သာမန်ဖော်ထုတ်ချက်သာဖြစ်ပါသည်။ အမြင်တင်ပြသူ၏ concept သာဖြစ်ပါသည်။ ဘောလုံးသမား၏ ဝင်ငွေအများ၊ အနည်းသည်လည်း အရှုံးအနိုင်ကို ထိခိုက်စေသည်ဆိုပါလျှင် အထက်ကတင်ပြခဲ့သော တစ်တိုင်းပြည်လုံး၏ ကိုယ်စိတ်အားကိုးယုံကြည်စွာ ခံယူထားသော အမျိုးသားရေးယှဉ်ပြိုင်မှုသည် ဘောလုံးသမားတို့၏ ဝင်ငွေအများ၊ အနည်းပေါ်တည်မှီနေပါပြီလား၊ ရှင်းပြသင့်ပါသည်။ ဘောလုံးသမားငယ်များသည် ဘောလုံးယှဉ်ပြိုင်မှုမှ ရရှိနိုင်သည့် နိုင်ငံ၏ ဂုဏ်သိက္ခာကို တစ်ဦးချင်းအနစ်နာခံမှုဖြင့် ဆယ်တင်မှုမပြုတော့သင့်ပြီလား။ ဒါကို League အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများကိုယ်တိုင် သိနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**လာမည့် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲကြီးသို့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ လိုက်လံအားပေးကြပါဦးမည်။ လူပုံအလယ်တွင် ဘောလုံးပြိုင်ပွဲများ ကြည့်ကြရပါဦးမည်။ စုံညီရောက်ကြမည့် ASEAN အိုလံပစ်ကောင်စီဥက္ကဋ္ဌများက မြန်မာအသင်း 'soccer very strong' ဟု လက်မထောင်ပြီးဂုဏ်ပြုခြင်း ပြုနိုင်ကြပါမည်လား။ ကျွန်တော်တို့ မြင်ချင် ကြားချင်သည်မှာ ယင်းမှတ်ချက်ပင်ဖြစ်ပါသည်။ မြန်မာဘောလုံးအသင်းသည် ဆီမီးဖိုင်နယ် ရောက်ရန် အခွင့်အရေးကောင်းပေါ်နေပါသည်။ အုပ်စုချောင်သော အင်ဒိုနီးရှား SEA Games တွင် မြန်မာ့အားကစားဂုဏ်ကို ပြန်လည်မြှင့်တင်ယူဆောင်နိုင်ပါမည်လား။ ကျွန်တော်တို့ ရချင်သည်မှာ ယင်းအောင်နိုင်မှုဖြစ်ပါသည်။ လာအိုအသင်း၊ ဖိလစ်ပိုင်အသင်းတို့ကို ရှင်းရှင်းပြတ်ပြတ်နိုင်ပါမည်လား။ ကျွန်တော်တို့ စိုးရိမ်သည်မှာ ယင်းအရှုံးမျိုးဖြစ်ပါသည်။**

"နိုင်ငံဂုဏ်အတွက် တစ်ချီတစ်မောင်းညှစ်အားစိုက်ပြီး လုပ်ပေးစမ်းပါဦး ကိုယ့်ညီတို့၊ သားတို့"ဟု ဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ဘောလုံးကစားသမားအားလုံးကို အားကိုးလိုပါသည်။ "တိုင်းပြည်ကို ကိုယ်စားပြုတဲ့ အမျိုးသားအားကစားသမားအစစ်ဖြစ်ကြောင်း 'စိတ်ဓာတ်' ပြကြပါ ကလေးတို့"ဟု တွန်းတင်ပေးလိုပါသည်။

ဥပမာတစ်ခုရှိပါသည်။ "ကြံရည်ကြိတ်စက်အဟောင်းကို ဘယ်လိုပင်၊ ဘယ်လောက်ပင် ပြင်ဆင်အသုံးပြုပါစေ၊ ကြံရည်ကြိတ်စက်အသစ်တစ်လုံး မည်မျှဈေးပေး၍ ဝယ်ပြီးသုံးပါစေ ကြံမျိုးမကောင်းလျှင် ကြံရည်မကောင်းနိုင်"ဟု ဆိုပါသည်။ ဘောလုံးသမားတစ်ဦးချင်း၏ အရည်အသွေး (စိတ်ဓာတ်အပါအဝင်)ဖြင့်သာ အောင်ပွဲဆင်နိုင်ပါသည်။ ကြံမျိုးကောင်းအတွက် ကြံစိုက်သူကိုလည်း အပြစ်မတင်ပါနှင့်။ အနာဂတ်အလုပ်ကို အနာဂတ်သမားက လုပ်ပါလိမ့်မည်။ ပစ္စုပ္ပန်အလုပ်ကို ပစ္စုပ္ပန်သမားကလုပ်ရန်သာ အာရုံစိုက်ပြီး "26 th SEA Games ဘောလုံးပြိုင်ပွဲမှာ ဒို့မြန်မာအသင်း ပထမ(ပထမ)ရ ရမည်၊ ဒိုင်းဆုယူပြီး ပြန်လာမည်ဟု ပြည်သူကို ကတိကဝတ်ပြုပြောလိုက်စမ်းပါ"ဟု မှာကြားရင်း အောင်ဆုအလံနှင့် ပြန်လာပါရန် ဆန္ဒပြုလိုက်ပါသည်။ ။

## အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် ဖြူးမြို့နယ်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သစ်တောဦးစီးဌာန၏ အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် ပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်စိုးက "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော၏ အကျိုးကျေးဇူးများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောအုပ်ကြီး ဦးအောင်သူက "ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ "အနာဂတ်စိမ်းလန်း" သစ်ပင်ချစ်သူများအဖွဲ့ကိုယ်စား ဦးမြင့်က "သစ်ပင်များစိုက်ပျိုးရေးနှင့် အသင်းအကြောင်း မိတ်ဆက်ဆွေးနွေးခြင်း"တို့ကို ဟောပြောဆွေးနွေးခဲ့ပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမြင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဦးစီးအရာရှိ ဦးတင်စိုးတို့က ဆုများချီးမြှင့်ကြသည်။

ဖြူးမြို့နယ် သစ်တောဦးစီးဌာန၏ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် သစ်ပင်စိုက်ပျိုးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရွာတန်းရှည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဆက်သွယ်ရေးလမ်းတို့၌ ကျင်းပခဲ့ရာ ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်စိုးနှင့် ဝန်ထမ်း ၁၅ ဦး၊ ကျေးရွာပြည်သူလူထု ၂၅ ဦးနှင့် အနာဂတ်စိမ်းလန်းသစ်ပင်ချစ်သူများအဖွဲ့မှ ၃၅ ဦး စုစုပေါင်းအင်အား ၆၅ ဦးတို့က ပိတောက်၊ ကံ့ကော်၊ ခရေ၊ သပြေ၊ ယူကလစ် စုစုပေါင်းအပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းသို့ အောက်တိုဘာ ၂၆ ရက်က အထက(၂)လသာကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိဂီကျော် ဦးဆောင်၍ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဗလာစာအုပ်၊ ကျောင်းသုံးစာရေးကိရိယာ၊ အဝတ်အထည်အစုံ ၄၈၀၀ နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**မိဘအလှူရှင် ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊ သား-မောင်ဉာဏ်အောင်၊ သမီး-မမေသူအောင်တို့က ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ပေ ၆၀ × ပေ ၃၀ စာသင်ဆောင်တစ်ဆောင်ကို လည်းကောင်း၊ ကျောင်းသားမိဘများမှ စာရေးစားပွဲခုံ၊ ကျောက်သင်ပုန်းများကိုလည်းကောင်း လှိုင်သာယာမြို့နယ် အမက(၂၇)၌ အောက်တိုဘာ ၁၉ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဦးစိန်နှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်မိဘများက မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (ပညာရေး)



## ကလေး-တမူး ရထားလမ်းစီမံကိန်း အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်တည်ဆောက်ဆဲ မီးရထားလမ်းကွန်ရက် ၁၃ ခု ပြီးစီးသွားပါက ယင်းစီမံကိန်းအား နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်

**ရန်ကုန်　　အောက်တိုဘာ　　၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ တမူးမြို့သို့ ဆက်သွယ်ဖောက်လုပ်သွားမည့် ရထားလမ်းစီမံကိန်းသည် အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ (Trans- Asian Railway Southern Corridor) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေသော စီမံကိန်းတစ်ခုဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျွန်ခဲန်း၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ကလေး- တမူး ရထားလမ်းစီမံကိန်းသည် စင်ကာပူနိုင်ငံမှ တူရကီနိုင်ငံသို့ နောင်ဖောက်လုပ်မည့် အာရှရထားလမ်းမကြီး၏ တောင်ဘက်စင်္ကြံ(Trans- Asian Railway Southern Corridor)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေပြီး လက်ရှိတွင် နိုင်ငံတွင်းတည်ဆောက်ဆဲဖြစ်သော မီးရထားလမ်းကွန်ရက် ၁၃ ခု (၂၂၅၅ မိုင်)အား ဦးစားပေးဖောက်လုပ်ပြီးစီးမှသာ နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသွားခဲ့သည်။

မြန်မာနိုင်ငံမှ နယ်စပ်ဖြတ်ကျော် ရထားလမ်းစီမံကိန်းများ ဆက်သွယ်ဖောက်လုပ်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ Rail India Technical & Economic Services (RITES) အဖွဲ့နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး လေ့လာမှုအစီရင်ခံစာအရ ၁၂၇ ဒသမ ၄ ကီလိုမီတာရှည်လျားကာ အိန္ဒိယငွေရူပီး ၄၂၉၄ ဒသမ ၅၇ သန်းခန့် ကုန်ကျနိုင်မည်ဟု သိရသည်။ အဆိုပါ ရထားလမ်းကြောင်းနှင့် ချိတ်ဆက်မည့် အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ရထားလမ်းပိုင်းကို ဆောက်လုပ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရေကြောင်းလမ်း၊ ကုန်းလမ်း ပထဝီအနေအထားများအရ အချက်အချာကျသော မြန်မာနိုင်ငံနှင့် နိုင်ငံဖြတ်ကျော် ကားလမ်းနှင့် ရထားလမ်းစီမံကိန်းများ ချိတ်ဆက်ဖောက်လုပ်ရန်အတွက် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများ၏ လမ်းကြောင်းများနှင့်ချိတ်ဆက်ရာတွင် အာရှလမ်းမကြီး၏ တောင်ဘက်စင်္ကြံ၊ မဲခေါင်မြစ်ဝှမ်းဒေသတွင် အဓိကအချက်အချာကျသော အရှေ့အနောက် စီးပွားရေးစင်္ကြံတို့တွင်လည်း မြန်မာနိုင်ငံ၏လမ်းပိုင်းများ ပါဝင်နေသည်။

မြန်မာနိုင်ငံ၏ အဓိက ပင်လယ်ရေနက်ဆိပ်ကမ်းကြီးများ ဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းများနှင့် ချိတ်ဆက်မည့် ရထားလမ်းစီမံကိန်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကျန် ဆက်လက်အကောင်အထည်ဖော်သွားမည့် ရေနက်ဆိပ်ကမ်းများ၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည့် စစ်တွေဆိပ်ကမ်း၊ ထပ်မံဆောင်ရွက်သွားမည့် ဘုတ်ပြင်းရေနက်ဆိပ်ကမ်း၊ ကုလားဂုတ် ရေနက်ဆိပ်ကမ်းတို့နှင့် ချိတ်ဆက်သွားမည့် ရထားလမ်း၊ ကားလမ်း စီမံကိန်းများကိုလည်း ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိတွင် ယခင်အစိုးရလက်ထက်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အမျိုးသားမီးရထားလမ်းကွန်ရက် ၁၃ ခုကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်ကို ဗဟိုပြုကာ နိုင်ငံတစ်ဝှမ်း ရထားလမ်းကွန်ရက်စီမံကိန်း ၁၃ ခုပြီးစီးရန် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ စီမံကိန်း ၁၃ ခု ပြီးစီးသွားပါက ကလေး-တမူး ရထားလမ်းစီမံကိန်းကို နိုင်ငံတော်သို့တင်ပြကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၀၁)



## ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ဖိုးကျားအပန်းဖြေဆင်စခန်း

**သတင်းမှတ်စု - ကိုလွင်(ဆွာ)**

ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလအတွင်း၌ ပြည်ပခရီးသွားများ အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ ရေမြေတောတောင် စိမ်းလန်းစိုပြည်လှပသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့ အနောက်ဘက် ၁၀ မိုင်အကွာရှိ ဖိုးကျားအပန်းဖြေဆင်စခန်းသို့ အောက်တိုဘာ ၂၄ ရက်တွင် ပြင်သစ် ကမ္ဘာလှည့်ခရီးသည်များ အုပ်စုလိုက်ရောက်ရှိလာခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများမှာ ဆင်များနှင့် အနီးကပ်ထိတွေ့ခွင့်ရရှိခြင်း၊ ဆင်များရေချိုးပုံများကို လေ့လာမှတ်တမ်းတင်ခြင်းနှင့် ဆင်များစီးလျက် တောတွင်းခရီးသွားခြင်းများကို နှစ်သက်သဘောကျကြောင်း တွေ့ရသည်။ ဖိုးကျားအပန်းဖြေဆင်စခန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနနှင့် အေးရှားဂရင်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်းလျက် ၂၀၀၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်၊ အင်္ဂလန်၊ ဟော်လန်၊ ကိုရီးယား၊ တရုတ်၊ ဂျပန် အစရှိသည့်နိုင်ငံများမှ ခရီးသွားများ အများဆုံးဝင်ရောက်ခဲ့သည်။

ရန်ကုန်-နေပြည်တော် အမြန်လမ်းသစ်မှ အနောက်ဘက်ကို သုံးမိုင်ခွဲခန့်သာ ကွာဝေးခြင်းကြောင့်လည်းကောင်း၊ ရိုးမဖြတ်ကျော်လမ်း ပြုပြင်ကောင်းမွန်သွားပြီဖြစ်၍ ခရီးသွားများ ယခုထက်ပိုမိုလာရောက်ရန် ရှိသည်။

## မိတ္ထီလာမြောက်ကန်ရေပြန်ကျ၊ ရေတိုက်စားမှုကြောင့် ကန်ပတ်လမ်းပျက်စီး

**မိတ္ထီလာ　အောက်တိုဘာ　၃၀**

အောက်တိုဘာ ၁၇ ရက် ညပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန် ရေလျှံတက်ပြီး မြို့အနောက်ဘက်နှင့် အရှေ့ဘက် ဆက်သွယ်ဖောက်လုပ်ထားသော ကန်ပတ်လမ်း နေရာတချို့ ရေလွှမ်းခဲ့ရာ ယခုအခါ ကန်ရေပြန်ကျသွားပြီဖြစ်သော်လည်း ရေတိုက်စားမှုကြောင့် ကန်ပတ်လမ်းတွင် ပျက်စီးသည့်နေရာများရှိသည့်အတွက် ကန်ပတ်လမ်းအား ဖြတ်သန်းခွင့်မပြုသေးကြောင်း သိရသည်။**(အောက်ပုံ)**

"လဆန်းပိုင်းတုန်းက မိုးအဆက်မပြတ်ရွာပြီး ကန်ရေလျှံတက်တယ်။ ကန်ပတ်လမ်းရေလွှမ်းတယ်။ ဒုတိယအကြိမ် အောက်တိုဘာလလယ်ပိုင်းလောက်ကျတော့လည်း မိုးအဆက်မပြတ် ရွာပြန်တော့ ကန်ပတ်လမ်းကို ရေထပ်လွှမ်းတယ်။ ဒါကြောင့် ကန်ပတ်လမ်းကို ရေတိုက်စားပြီး တချို့နေရာတွေ ပျက်စီးကုန်တယ်။ စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်းနဲ့ ကားငယ်တွေ ဖြတ်သန်းသွားလာလို့ မရတော့ဘူး။ ကန်ပတ်လမ်းကိုလည်း ပြုပြင်ပြီးမှ ပြန်ဖွင့်ပေးမယ်နဲ့ တူတယ်။ ကန်ပတ်လမ်း မြန်မြန်ပြန်ပြင်ပြီးဖို့ပဲ မျှော်လင့်ပါတယ်။ ဒါမှ မြို့အနောက်ဘက်နဲ့ မြို့အရှေ့ဘက်ကို နေ့စဉ် ဖြတ်သန်းသွားလာရတဲ့ ဒေသခံတွေနဲ့ ခရီးသည်တွေ သွားလာရေး အဆင်ပြေမှာ" ဟု မြို့အနောက်ဘက်ပိုင်း နန်းတော်ကုန်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

ကန်ပတ်လမ်းပျက်စီးပြီး ပိတ်ထားသောကြောင့် စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်း၊ မော်တော်ယာဉ်မောင်းနှင်သူ ဒေသခံများနှင့် ခရီးသွားများမှာ ဖောင်တော်ဦးစေတီတော်အနီးရှိ ပြည်ထောင်စုတံတားကြီးပေါ်မှသာ ဖြတ်သန်းသွားလာနေကြကြောင်း သိရသည်။ (၅၇၉)



## ညောင်သာယာ ငုတ္တိုစေတီတော်တွင် ရွှေကြာသင်္ကန်း ကပ်လှူ

**ရန်ကုန်　အောက်တိုဘာ　၃၀**

မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စုရှိ ညောင်သာယာ ငုတ္တိုစေတီတော်ကြီးအား ရွှေကြာသင်္ကန်း ကပ်လှူပွဲကို အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက အဆိုပါစေတီတော်၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ပွဲကုန်းရွှေဟင်္သာရပ်ကွက်၊ ငါးကြီးအင်း၊ ထီတမူ၊ ငါးပြေမ၊ ဒင်္ဂါးဆိပ်၊ နန်းတောင်းရွာကြီး၊ နန်းတောင်းရွာလေး၊ ငုတ္တိုအောက်ပိုင်း၊ တံတားဦး တောင်ပိုင်း၊ တံတားဦး ကျောင်းကြီးပိုင်း စသော ကျေးရွာများမှ ဒေသခံများက ရွှေကြာသင်္ကန်းတော်များနှင့် လှူဖွယ်ပစ္စည်းတို့ကို စနစ်တကျ လှည့်လည်ကပ်လှူခဲ့ကြသည်။ ဘိုးဘွားများလက်ထက်ကတည်းက အစဉ်အဆက် လုပ်ဆောင်ခဲ့ကြသောကြောင့် အကြိမ်(၁၀၀) ကျော်ပင်ရှိနိုင်ကြောင်း ပူဇော်ပွဲဖြစ်မြောက်ရေးတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထိုစေတီတော်ကြီးမှာ အလောင်းမင်းတရားကြီး ယိုးဒယား (အယုဒ္ဓယ)သို့ ၁၁၂၁ ခုနှစ်တွင် စစ်ချီစဉ် တည်ထားခဲ့သော စေတီများစွာအနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း သိရသည်။ (၆၈၀)

## ထီဆိုင်များမှ အပိုဆုပေးခြင်းတားမြစ် ထီဈေးနှုန်းများကျဆင်း

**မန္တလေး　အောက်တိုဘာ　၃၀**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၇၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ ထီဆိုင်များမှ ပေးနေသော ငွေကျပ်သိန်း ၅၀၀ အပိုဆု၊ အရောင်းကိုယ်စားလှယ်ချီးမြှင့်ဆုများပေးအပ်ခြင်းကို ထီဈေးနှုန်းထိန်းချုပ်သည့်အနေဖြင့် ခွင့်မပြုတော့ကြောင်း မန္တလေးမြို့ အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

အပိုဆုပေးသည့် အစီအစဉ်ကြောင့် ထီရောင်းအား တက်လာသော်လည်း ထီတစ်စောင်ရောင်းဈေးမှာ ကျပ် ၃၅၀ အထိ မြင့်တက်ခဲ့ကြောင်း၊ အောင်ဘာလေသိန်းဆုဌာနခွဲက ထီတစ်စောင် ကျပ် ၂၀၀ ဖြင့် ထီတစ်အုပ် အပိုတစ်စောင်ပေး၍ ဖြန့်ဝေခဲ့သော်လည်း အပိုဆုပေးခြင်းကို အကြောင်းပြကာ အထူးမင်္ဂလာစုံတွဲ ကျပ် ၆၄၀၀ အထိ ရောင်းချခဲ့ကြသည်။ (၂၇၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် အက္ခရာ ၂၄ လုံး ဖွင့်မည်ဖြစ်ပြီး အပိုဆုပေးခြင်းမရှိတော့သဖြင့် ထီတစ်စောင် ကျပ် ၂၅၀ အထိ ဈေးကျဆင်းသွားကြောင်း သိရသည်။ (၆၅၃)

## ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်　အောက်တိုဘာ　၃၀**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)မှ ဦးစီး၍ အမျိုးသားနေ့တွင် ကျိုက်လတ်မြို့သို့ နေ့ချင်းပြန်ခရီးသွားရောက်၍ အာစရိယပူဇော်ပွဲနှင့် စာရေးဆရာဒါရိုက်တာ ဗိုလ်ကလေးတင့်အောင် ဦးဆောင်သည့် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ရာ ယင်းနေ့ နံနက် ၇နာရီတွင် ရန်ကုန်-မော်တင်ဆိပ်ကမ်းမှ သုံးထပ်ရေယာဉ်ဖြင့် ထွက်ခွာကာ ညနေ ၄ နာရီတွင် ကျိုက်လတ်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်၍ လိုက်ပါလိုသော မြို့နယ်သူ၊ မြို့နယ်သားများနှင့် မိတ်ဆွေသင်္ဂဟများသည် ရေယာဉ်စီးခအသွားအပြန်ကျပ်သုံးထောင်နှုန်းဖြင့် ဦးမောင်ညိမ်း ဖုန်း-၀၉-၅၀၀၉၁၇၉၊ ၀၆၇-၄၀၅၄၀၂၊ ဦးကျော်မြင့် ဖုန်း-၂၉၆၂၀၁၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅ နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

*ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့*

## နယ်စပ်ဖြတ်ကျော် ဆန်တင်ပို့လိုပါက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ခံမှုဖြင့် တင်ပို့နိုင်

**ရန်ကုန်　　အောက်တိုဘာ　　၃၀**

မြန်မာ့ဆန် ပြည်ပသို့ တင်ပို့လျက်ရှိရာတွင် ခွင့်ပြုထားသော ဆိပ်ကမ်းများမှ ရေကြောင်းခရီးဖြင့် တိုက်ရိုက်တင်ပို့ခြင်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နယ်စပ်ဖြတ်ကျော် ဆန်တင်ပို့လိုပါက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံမှုဖြင့် တင်ပို့နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားသွားခဲ့ခြင်းဖြစ်သည်။

ပြည်ပသို့ ဆန်တင်ပို့လျက်ရှိရာတွင် ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့လျက်ရှိသည့်အပြင် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဆိပ်ကမ်းမှ ပြည်ပသို့ တိုက်ရိုက်ဆန်တင်ပို့ခွင့်ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်မှ စတင်ကာ ခွင့်ပြုပေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စပါးအထူးပြုကုမ္ပဏီသုံးခုက ဆန် မက်ထရစ်တန်ချိန် စုစုပေါင်း ၃၁၀၀ တင်ပို့သွားမည်ဖြစ်ပြီး ၁၀ မှတ် (အကျိုးအကြေ ၁၀ ရာခိုင်နှုန်း)ဆန် တန်ချိန် ၁၅၀၀၊ ၂၅ မှတ် (အကျိုးအကြေ)ဆန် တန်ချိန် ၁၆၀၀ ကို တင်ပို့ခွင့်ပြုခဲ့သည်။ ယင်းအပြင် ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်းမှလည်း ထိုကဲ့သို့ ပြည်ပသို့ တိုက်ရိုက်ဆန်တင်ပို့ခွင့်ကို ခွင့်ပြုသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ထွက်ရှိလာသော ဆန်များကို ဒေသစားသုံးမှုဖူလုံ၍ ပိုလျှံသောအနေအထားရှိပါက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့၏ထောက်ခံချက်ဖြင့် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့် ဆန်တင်ပို့နိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသွားခဲ့သည်။ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မိမိတို့ဒေသတွင် အမှန်တကယ် ဆန်စားသုံးမှုဖူလုံ၍ ပိုလျှံနေသော အနေအထားရှိကြောင်း သက်ဆိုင်ရာအစိုးရအဖွဲ့၏ ထောက်ခံချက်ရရှိပါက နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့နိုင်မည်ဖြစ်သည်။

"ဆန် ပြည်ပပို့ဖို့ဆိုရင် ဒေသအသီးသီးကနေ ရန်ကုန်ဆိပ်ကမ်းကို တစ်ဆင့်တင်ပို့ရတဲ့အတွက် ကုန်ကျစရိတ်တွေ ရှိလာတဲ့အပြင် နေရာလိုအပ်ချက်လည်းရှိတယ်။ သက်ဆိုင်ရာနယ်တွေက တိုက်ရိုက်တင်ပို့နိုင်တယ်ဆိုတာမျိုး ဥပမာ ပုသိမ်၊ စစ်တွေ ဆိပ်ကမ်းတွေကနေ တိုက်ရိုက်တင်ပို့တာတွေဟာ ကုန်ကျစရိတ်တွေ သက်သာစေတဲ့ အပြင် ဒေသထွက် မျိုးကောင်းဆန်တွေ ပြည်ပဈေးကွက်ရရှိနိုင်တယ်။ နောက် နယ်စပ်ဒေသတွေကနေ တရားဝင် ဆန်စီးဆင်းခွင့်ပြုမယ်ဆိုရင် မှောင်ခိုထွက်နေတာတွေ ပျောက်သွားနိုင်တယ်။ ပြည်တွင်းစားသုံးမှုကို မထိခိုက်နိုင်ပါဘူး။ မသမာသူ အမြတ်ကြီးစားတွေ ဈေးကစားနေကြတာပါ"ဟု ဆန်စပါး သုတေသီတစ်ဦးက သုံးသပ်သည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြန်မာ့ဆန် ပြည်ပဈေးကွက်သို့ တင်ပို့ခဲ့မှုမှာ ဆန်တန်ချိန် သုံးသိန်းခွဲခန့် တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (ဆုနှင်းလှဲ့)

## ကြည့်မြင်တိုင်မြို့နယ်၌ ဒီရေတောထိန်းအပင်များ စိုက်ပျိုး

**ရန်ကုန်　　အောက်တိုဘာ　　၃၀**

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (၂၀၁၁)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ဦးဆောင်၍ အောက်တိုဘာ ၂၁ ရက်က ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း ဆိပ်ကြီးဦးမြ ငါးစင်ရပ်ကွက် ကမ်းနားတစ်လျှောက်၌ ဒီရေတောထိန်းအပင်များ စိုက်ပျိုးပွဲကို ကျင်းပရာ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ ခရိုင် မိခင်နှင့်ကလေး ဥက္ကဌ ဒေါ်မြင့်မြင့်ကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ မြို့နယ် မိခင်နှင့်ကလေးဥက္ကဌ ဒေါ်စုစုစံတို့က ဒီရေတောထိန်းအပင်များကို စိုက်ပျိုးပေးကြသည်။ (၅၄၆)

## စိုင်ပြင်-အင်ကြင်းသပိုးဆည်မြောင်းလမ်း ရာသီမရွေးသွားလာနိုင်ရန် ပြုပြင်ဆောင်ရွက်

**ဒီပဲယင်း　　အောက်တိုဘာ　　၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဆည်လည်ကျေးရွာ နှောဘုရားကြီးကျောင်းတိုက်၌ အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင် ဦးဆောင်၍ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နှော ၁၆ ရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် စိုင်ပြင်-အင်ကြင်းသပိုးဆည် မြေသားလမ်း ၁၃ မိုင်၊ ၆ ဖာလုံအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းခင်းရန် ဆွေးနွေးခဲ့ကြသည်။

**ပြုပြင်သွားမည်**

အဆိုပါ လမ်းပြုပြင်နိုင်ရေးအတွက် ကျောင်းထိုင်ဘုန်းကြီးများမှ ငွေကျပ် ၁၅ သိန်း၊ ပဲခူးမြို့နေ အလှူရှင် ဦးဗိုလ်ဝင်း၊ ဇနီး ဒေါ်ချိုချိုမာ Kaung San Win Trading Co.,Ltd (မိသားစု)မှ ငွေကျပ် တစ်သိန်း၊ ပတ်ဝန်းကျင်ကျေးရွာ ၁၆ ရွာရှိ ရွာသူ၊ ရွာသားများမှ ငွေကျပ် ၁၉၉ သိန်း စုစုပေါင်း ငွေကျပ် ၂၁၅ သိန်း မတည်၍ ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

(31-10)07.pmd　1　10/31/2011, 3:13 AM

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲအပြီး သတင်းထောက်များ၏ မေးမြန်းချက်များအား ဖြေကြား

နေပြည်တော် အောက်တိုဘာ ၃၀

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာ တွေ့ဆုံပွဲအပြီးတွင် သတင်းထောက်များ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။**

အဆိုပါ အမေးအဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဦးအောင်လှထွန်း (သတင်းထောက်- ရိုက်တာသတင်းဌာန)**

**မေး** ။ ။ ကျွန်တော် ရိုက်တာက အောင်လှထွန်းပါ။ မမစုကို မေးချင်ပါတယ်။ လက်ရှိ မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေကို မကြာသေးခင်က တွေ့ခဲ့ရပါတယ်။ ဥပမာပြောရရင် နိုင်ငံရေးအကျဉ်းသားတချို့ လွှတ်ပေးတာ၊ အလုပ်သမားအဖွဲ့အစည်းတွေ ဖွဲ့ခွင့်ပေးတယ်။ ဆန္ဒပြခွင့်ပေးတယ်။ နောက်ဆုံးကတော့ Amendment လုပ်ပေးတာပေါ့။ Party Registration Law ကို၊ ဒီဥစ္စာတွေဟာ NLD ပါတီ Pre- Registration လုပ်ဖို့အတွက် လုံလောက်တဲ့ လိုအပ်ချက်များ ဖြစ်ပါပြီလား။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ** ။ ။ ကျွန်မတို့က ဒီ NLD ပါတီ ပြန်ပြီးတော့ မှတ်ပုံတင်ရေးကိစ္စဟာ ဥပဒေပေါ်မှာ မူတည်ပါတယ်။ အဲဒီ ဒီဥပဒေ အတည်ပြုပြီးတော့ ထွက်လာတဲ့အထိ ကျွန်မတို့စောင့်ပြီးမှ ပြောနိုင်မယ့် ကိစ္စဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီဥပဒေကနေပြီး ထွက်လာပြီဆိုရင် အစည်းအဝေးခေါ်ရမှာပေါ့။ ကျွန်မတို့ရဲ့ ပါတီစည်းမျဉ်း စည်းကမ်းအရ အစည်းအဝေးခေါ်ပြီးမှ ဆုံးဖြတ်ချက်ချပါလိမ့်မယ်။

**ဦးအောင်လှထွန်း (သတင်းထောက်-ရိုက်တာသတင်းဌာန)**

**မေး** ။ ။ ကျွန်တော်သိထားတာက ဥပဒေပါအကြောင်းရင်း အဓိက (၃)ချက်ကတော့ သိထားပြီးပါပြီ။ NLD က ဥပဒေပညာရှင်တချို့ကလည်း သိထားပြီထင်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ** ။ ။ ဟုတ်တယ်၊ ကျွန်မတို့က တိကျတယ်လေ၊ ဥပဒေကို တစ်ခါတည်း ကြည့်ပြီးမှ ပြောတယ်၊ မကြည့်ရသေးလို့၊ ကျွန်မမမြင်ရသေးလို့ မပြောသေးတာပါ။

**ဦးတင်မောင်အေး (သတင်းထောက် - အဆာဟိရှင်ဘွန်းသတင်းစာ)**

**မေး** ။ ။ ကျွန်တော် တင်မောင်အေးပါ။ အဆာဟိရှင်ဘွန်း သတင်းစာကပါ။ ကျွန်တော်တို့ ဒီမှာ ဝန်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့တာလည်း (၄)ကြိမ်ရှိတာကို သိရပါတယ်။ အဲဒီတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို အများအားဖြင့် သိရပါတယ်။ အဲဒီတော့ ဘယ်ဧရိယာတွေမှာ ဘယ်လိုပေါ့နော်။ နည်းနည်းအသေးစိတ်ပြောလို့ ရမယ်ဆိုရင်လည်း သိချင်တာလေး ရှိပါတယ်။ ပြောလို့ရရင်လည်း ပြောပေးပါ။ မေတ္တာရပ်ခံပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

**ဖြေ** ။ ။ ကျွန်တော်တို့ ဩဂုတ်လ ၁၂ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ သတင်းထုတ်ပြန်ချက်ကလေး ရှိပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှု လုပ်ငန်းစဉ်သာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ကျွန်တော်တို့ သဘောတူညီထားခဲ့ပြီးဖြစ်ပါတယ်။ ဒီဥစ္စာဟာ တော်တော်လေး ပြည့်စုံလုံလောက်တဲ့အဖြေပဲ ဖြစ်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**ဦးကျော်စွာမင်း (သတင်းထောက်- ရန်ကုန်တိုင်းမ်ဂျာနယ်)**

**မေး** ။ ။ ကျွန်တော် ရန်ကုန်တိုင်းမ်ဂျာနယ်က ကျော်စွာမင်းပါ။ ခုနတုန်းက ဦးအောင်လှထွန်းမေးတဲ့ Follow up လေးပါ။ အခု ဒီတွေ့ဆုံမေးမြန်းမှုမှာ ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ဟာ NLD ပါတီ မှတ်ပုံတင်ဖို့ကိစ္စရပ်ရယ်၊ နောက်တစ်ခါ နိုင်ငံရေးအကျဉ်းသားတွေ ဆက်လက်လွှတ်ပေးရေးကိစ္စရပ်ရယ်၊ နောက်တစ်ခါ အန်တီစုအနေနဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံဖို့ကိစ္စရပ်တွေကော ဆွေးနွေးခဲ့တာရှိပါသလား ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ** ။ ။ ကျွန်မတို့ ဒီကိစ္စတွေကို အားလုံးကို ဆွေးနွေးပါတယ်။ အမြဲပဲ တွေ့တိုင်းလည်း ဒီကိစ္စတွေကို ကျွန်မတို့ ဆွေးနွေးပါတယ်။ ဘာလဲဆို ဒါက ကျွန်မတို့ရဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ကိစ္စတွေမို့လို့ပါ။

**ဒေါ်အေးအေးဝင်း (သတင်းထောက်- အေပီသတင်းဌာန)**

**မေး** ။ ။ ငွေရေးကြေးရေးကိစ္စနဲ့ ပတ်သက်လို့ ဘာတွေဆွေးနွေးသလဲ၊ နည်းနည်းလောက် ရှင်းပြပေးပါလား။ IMF နဲ့ ပတ်သက်လို့ ဆွေးနွေးတာများရှိပါလား။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

**ဖြေ** ။ ။ ကျွန်တော်တို့ ခုနအထဲမှာ ပါသွားပြီးပါပြီ။ တော်တော်လေး ပြည့်ပြည့်စုံစုံလည်း ပါသွားပြီးပါပြီ။ သေချာလေးဖတ်ကြည့်လိုက်ရင်တွေ့မှာပါ။ ကျွန်တော်တို့ ငွေရေးကြေးရေး လည်ပတ်သုံးစွဲမှုနှင့် ပတ်သက်ပြီးတော့ အရေးကြီးမှု ဆိုတာတွေကတော့ အများကြီးပါတာပေါ့။ ဒါလေးတွေ ဆွေးနွေးခဲ့တာပါ။

**ဦးအောင်လှထွန်း (သတင်းထောက်- ရိုက်တာသတင်းဌာန)**

**မေး** ။ ။ နိုင်ငံရေးအကျဉ်းသားများ ဆက်လွှတ်ဖို့ရှိပါသေးလား။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

**ဖြေ** ။ ။ ကျွန်တော်တို့က လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်တဲ့အခါမှာ ကျွန်တော်တို့ တစ်လှမ်းပြီးတစ်လှမ်း ဆောင်ရွက်တတ်တဲ့ သဘာဝရှိပါတယ်။ ဒါအားလုံးလည်း သိတဲ့အတိုင်းပဲ၊ ကျွန်တော်တို့က စုံလည်း မခုန်ဘူး။ ရပ်လည်းမနေပါဘူး။ အားလုံးကျေးဇူးတင်ပါတယ်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ သိမ်ဇရပ်မြို့တွင် သုည ဒသမ ၇၉ လက်မနှင့် ဘီးလင်းမြို့တွင် သုည ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။



**မြဝတီမြို့နယ် ဘုရင့်နောင်ဈေးကြီး၊ ညဈေးနှင့် ကြံခင်းဈေးတို့မှ ဈေးတာဝန်ခံနှင့် ဈေးသာယာရေးကော်မတီများ စုပေါင်း၍ ကြီးမှူးကျင်းပသော စုပေါင်းဘုံကထိန်၊ ပထမအကြိမ်စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းပွဲကို ဘုရင့်နောင်ဈေးကြီး ဗဟိုမဏ္ဍပ်၌ အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသော ဈေးသူ၊ ဈေးသားများ အလှူရှင်များက မွန်းလွဲ ၂ နာရီတွင် သံဃာတော်အပါး ၁၃၀၀ ကျော်နှင့် သီလရှင်ဆရာလေးများအား စာရေးတံမဲဖောက်လှူပြီး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများလောင်းလှူကြစဉ်။** (၅၇၀)



# မိခင်/ကလေး ကျန်းမာရေးအသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် မွေးလမ်းကြောင်းတွင် ဖြစ်တတ်သော ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက်က လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကားပြောကြားပြီး သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်သိန်းက အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် မွေးလမ်းကြောင်းတွင်ဖြစ်တတ်သောရောဂါများ အကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

# လှည်းကူး၌ ကောက်စောစပါး စံကွက်ရိတ်သိမ်း

**ရန်ကုန် အောက်တိုဘာ ၃၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက မိုးစပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု စာရင်းအင်းကိန်းဂဏန်း မှန်ကန်စွာပြုစုရရှိရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် လှည်းကူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်ကွပ်ကဲမှုအဖွဲ့များနှင့် အတူ အောက်တိုဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၉၈၅-ခ) ကျွန်းကလေးတောင်ကွင်း ဦးပိုင်အမှတ် (၄/၁) တောင်သူဒေါ်ရှုခင် စိုက်ပျိုးထားသည့် ဆင်းသွယ်လတ်စပါးမျိုး သင့်အဆင့်အတန်းရှိ မိုးစပါးဧရိယာ ၂ ဒသမ ၁၈ ဧကပေါ်တွင် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** (ကြေးမုံ)



## ဇီဝ မျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

# မုတ်ဆိတ်မွေးနှင့် ဂျိန်းစ်ဘွန်းဇာတ်ကောင် သရုပ်ဆောင်မည့် ဒန်နီယယ်လ်ခရိုက်

ဂျိန်းစ်ဘွန်းမင်းသား ဒန်နီယယ်လ်ခရိုက်**(အောက်ပုံ)** သည် ဂျိန်းစဘွန်းဇာတ်ကားသစ် Skyfall ရုပ်ရှင်ကားအတွက် မုတ်ဆိတ်မွေးများ ရှည်အောင်မွေးထားရကြောင်း သတင်းတွင် ဖော်ပြသည်။



၂၀၁၂ ခုနှစ်တွင် ဖြန့်ချိပြသမည့် ဒန်နီယယ်လ်ခရိုက်၏ တတိယမြောက် ဂျိန်းစ်ဘွန်းဇာတ်ကားသည် ယခင် ဂျိန်းစ်ဘွန်းဇာတ်ကားများမှ ဂျိန်းစဘွန်းဇာတ်ကောင်များကဲ့သို့ သေသေသပ်သပ်စမတ်ကျကျ ပုံစံမျိုးမဟုတ်ဘဲ မုတ်ဆိတ်မွေးများနှင့် မသပ်မရပ် ကပိုကရိုပုံစံမျိုးဖြင့် ရှုစားကြရမည်ဖြစ်သည်။

သတင်းအရင်းအမြစ်တစ်ခုက ဤဇာတ်ကားထုတ်လုပ်သူများသည် (မက်ထရိုဂိုဝင်းမေယာ) MGM ၏ ဘဏ္ဍာရေးပြဿနာကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရသကဲ့သို့ ဇာတ်ကားဖြန့်ချိရန်လည်း နှောင့်နှေးခဲ့ရကြောင်းနှင့် ပြည်ပတွင် ရိုက်ကူးရမည့် အချို့ဇာတ်ဝင်ခန်းများကိုလည်း လျှော့ချခဲ့ရကြောင်း The Sun သတင်းစာသို့ ပြောကြားသည်။

ဒန်နီယယ်လ်ခရိုက်သည် ယခုနှစ်အစောပိုင်းတွင် မင်းသမီးရေချယ်ဝစ်နှင့် လက်ထပ်ခဲ့သူဖြစ်ပြီး လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း ဂျိန်းစ်ဘွန်းဇာတ်ကားသစ်တွင် အက်ရှင်စွန့်စားခန်းများ သရုပ်ဆောင်ရန် ကိုယ်ကာယလေ့ကျင့်ခန်းများ အပြင်းအထန် ပြုလုပ်ခဲ့ရသည်ဟု ဆိုသည်။

သတင်းအရင်းအမြစ်တစ်ခုက Daily star သတင်းစာသို့ ပြောကြားရာတွင် ဒန်နီယယ်လ်ခရိုက်သည် ဂျိန်းစ်ဘွန်းဇာတ်ကားသစ်အတွက် အပြေးလေ့ကျင့်ခြင်း၊ ထိုင်ထလုပ်ခြင်း၊ ရေကူးခြင်း၊ တင်းနစ်ကစားခြင်းများကို ပြုလုပ်လျက်ရှိပြီး အကောင်းဆုံးပုံစံရရှိနေပြီဟု ဆိုသည်။

၂၀၀၂ ခုနှစ်က Die Another Day ဂျိန်းစ်ဘွန်းဇာတ်ကားတွင် ဂျိန်းစ်ဘွန်းမင်းသားအဖြစ် သရုပ်ဆောင်ခဲ့သူ ပီယာ့စ်ဘရိုစ်နန်သည် မြောက်ကိုရီးယားစစ်သားများ၏ ဖမ်းဆီးခြင်းခံရပြီးနောက် ဆံပင်ရှည်ပုံစံဖြင့် သရုပ်ဆောင်ဖူးသော်လည်း မုတ်ဆိတ်မွေးနှင့် ဂျိန်းစ်ဘွန်းဇာတ်ကောင်မှာ Skyfall ဇာတ်ကားတွင် ပထမဆုံးအကြိမ် မြင်တွေ့ရမည် ဖြစ်သည်။ ***အင်တာနက်။***

**အေ ဝမ်း စိုး**

(31-10)08.pmd 1 10/31/2011, 3:13 AM

# တရုတ်နိုင်ငံတကာခရီးသွားပြပွဲ(၂၀၁၁) ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက် နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံအချင်းချင်း ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခွင့်ရရှိနိုင်စေရေးရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် China National Tourism Administration (CNTA)၊ General Administration of Civil Aviation of China နှင့် ယူနန်ပြည်နယ်အစိုးရတို့မှကြီးမှူး၍ အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် တရုတ်နိုင်ငံတကာခရီးသွားပြပွဲ(၂၀၁၁) အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ခေါင်းဆောင်၍ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီခွဲတွင် ကူမင်းမြို့ရှိ International Convention Center ရှိ ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNTA ဥက္ကဋ္ဌ Mr. Shao Qiwei နှင့် ယူနန်ပြည်နယ်နိုင်ငံခြားရေးရာဌာနမှူး ညွှန်ကြားရေးမှူးချုပ် Ms. Zhou Hong တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ် ဝင်/ထွက် ပေါက်များအပါအဝင် နှစ်နိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအတွင်း အဓိကခရီးစဉ်ဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီးမြို့များတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များဖြင့် တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ညနေ ၆ နာရီမှ ည ၉ နာရီအထိ အဆိုပါ International Convention Center တွင် ကျင်းပသည့် တရုတ်နိုင်ငံတကာ ခရီးသွားပြပွဲကော်မတီမှ တည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားနှင့် ကျွမ်းဘားအကဖျော်ဖြေရေးအခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ကူမင်းမြို့ International Convention Center Exhibition Hall အတွင်း နိုင်ငံအလိုက် ခင်းကျင်းပြသထားသော ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး နံနက် ၁၀ နာရီတွင် အဆိုပါ International Convention Center ၌ကျင်းပသည့် တရုတ်နိုင်ငံတကာခရီးသွားပြပွဲ (၂၀၁၁)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံမှ ပြခန်းနှစ်ခန်းဖြင့် စီစဉ်ခင်းကျင်းပြသထားသည့် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ကြော်ငြာများ၊ စာအုပ်စာစောင်များ၊ မြန်မာမှုအနုပညာလက်ရာများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် တည်းခိုနေထိုင်သည့် Empark Grand Hotel Meeting Room ၌ ASEAN-China Center မှ အတွင်းရေးမှူးချုပ် Mr. Ma Mingqiang နှင့် တွေ့ဆုံပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၈ ရက် ညနေ ၆ နာရီတွင် တည်းခိုသည့် Empark Grand Hotel Meeting Room ၌ ယူနန်ပြည်နယ်ဆိုင်ရာပါတီဥက္ကဋ္ဌ Mr. Zhang Tian Xing ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး ရှေ့လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကာ ယူနန်ပြည်နယ်ဆိုင်ရာ ပါတီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း ကူမင်းမြို့ရှိ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားခြင်းခံရသည့် ခရီးစဉ်ဒေသများဖြစ်သော Yunnan Ethnic Villages Park၊ Stone Forest Scenic Spot နှင့် Expo Garden နေရာများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ တရုတ်နိုင်ငံတကာခရီးသွားပြပွဲ(၂၀၁၁)အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၉၀ ကျော်မှ အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းရှင်ပေါင်း ၁၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကာ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ပြခန်းပေါင်း ၂၀၀၀ ကျော် ပါဝင်ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNTA ဥက္ကဋ္ဌ Mr. Shao Qiwei အား သွားရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး (သန်လျင်)မှ အုပ်ချုပ်ရေးမှူး ဦးရဲကျော်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်စိန်နှင့် ဝန်ထမ်းများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် သတိပေးပိုစတာများကို အောက်တိုဘာ ၈ ရက်က မြို့နယ်အတွင်းရှိ လမ်းဆုံနေရာများ၌ စိုက်ထူစဉ်။**

(၅၂၇)



## သုံးခွမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကအထွက်နှုန်း ၁၁၆ ဒသမ ၄၀ တင်းထွက်ရှိ

**သုံးခွ အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မိုးစပါးအထွက်နှုန်းမြင့်မားရေးကို အထောက်အကူဖြစ်စေရန် မျိုးသန့်စံပြစိုက်ခင်းများ စိုက်ပျိုးခဲ့ပြီး အဆိုပါ မျိုးသန့်စံပြစိုက်ဧကများ အထွက်နှုန်းမှန်ကန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များသည် အနောက်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၄၃-A) ဦးပိုင်အမှတ် ၁၁/၁ တောင်သူဦးသန်းစိုး၏ ရတနာတိုးစပါးမျိုးသန့်စိုက်ခင်းတွင် အောက်တိုဘာ ၁၅ ရက်က စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၁၆ ဒသမ ၄၀ တင်းထွက်ရှိပြီး ယခင်နှစ်က ၉၆ ဒသမ ၅၄ တင်းသာ ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်မန်နေဂျာ ဦးခင်ဇော်ဝင်းတို့က ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



**ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက် နာရေးကူညီမှုအသင်းသို့ ကိုအောင်သူနှင့်အဖွဲ့ (အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း) မှ ကျပ် ၄၅ သိန်းတန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။**

(၅၆၉)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁၀-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ နမောနမော (သန်းမြတ်စိုးနှင့်အဖွဲ့)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၁၀။ "မင်းမသိသေးပါဘူးကွာ"
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သမိုင်း၊ ပထဝီဝင်၊ အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒပညာ အထူးပြုများ) (ဒဿနိကဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၁၀ ၈။ "တို့အိပ်မက်" (အပိုင်း-၂)
၅:၂၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၁၂)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၉။ **အိန္ဒိယရုပ်ရှင် "မင်္ဂလာပါလန်ဒန်' (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)**
၂၀။ အစီအစဉ်ပြီး၏။

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၉ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေပထမဆုရ နေမျိုးသန့် ရေးသားသည့် "မိုးသောက်နေခြည်ဦး" စာအုပ်၊ ကဗျာပေါင်းချုပ်နှင့် ပထမဆုရ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)ရေးသားသည့် "ပန်းစောင့်လိပ်ပြာ ကဗျာများ" စာအုပ်တို့ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

**ဝယ်ယူနိုင်**

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅)သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေးမြို့) ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



## ဗုဒ္ဓအင်ပါယာစာအုပ်ထွက်ရှိ



ကောင်းစျာန်သိမ်း ရေးသားပြုစုသည့် ဗုဒ္ဓအင်ပါယာစာအုပ် မေတ္တာမွန်စာပေမှ ထွက်ရှိလာသည်။

ထိုစာအုပ်တွင် အယူဝါဒများဖြစ်တည်လာပုံ၊ ဗုဒ္ဓဝါဒဖြစ်ထွန်းခြင်းနှင့် ခေတ်ပြိုင်ဝါဒများ၊ သာသနာပြုခြင်း၊ သာသနာကွယ်ခြင်း၊ ၁၉ ရာစုမှစ၍ ကမ္ဘာတစ်ဝန်းသို့ ဗုဒ္ဓဝါဒပျံ့နှံ့သွားခြင်းတို့ကို တင်ပြထားသည်။ ယခင်က မရောက်ရှိသေးသော အာဖရိကတိုက်သို့သာမက ဥရောပနိုင်ငံများသို့ ဗုဒ္ဓဘာသာ ထူးထူးခြားခြား ရောက်ရှိပုံတို့ကို ရောင်စုံရုပ်ပုံများနှင့်တကွ ပြည့်စုံစွာ တင်ပြထားသည်။

စာအုပ်ကို ရွှေလက်ဆောင်စာပေ အမှတ် ၄၄၈၊ ရွှေဘုံသာ(အထက်)နှင့် အမှတ်-၂၃၃/၂၃၅/၃၂ လမ်း(အထက်) ဖုန်း-၃၈၉၀၂၂၊ ၃၇၅၃၅၇၊ ၃၇၄၆၃၈ တို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

## ဓမ္မပဒ၏ ဓမ္မရသများစာအုပ်ထွက်ရှိ



ဓမ္မပဒဟူသော စကားရပ်ကို ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးကြမည်ဖြစ်သော်လည်း အဓိပ္ပာယ်ကို သိရှိနားလည်သူကား နည်းပါးမည်ထင်ပါသည်။ ဤစာအုပ်တွင် ဓမ္မပဒဟူသည့် ဗုဒ္ဓဘာသာဝင်တိုင်း တလေးတစား တန်ဖိုးထားရမည့် ဗုဒ္ဓ၏ဂါထာညွှန့်ပေါင်း၊ ဒေသနာညွှန့်ပေါင်း စုဝေးထားရာ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို တွေ့မြင်ဖတ်ရှုကြရပေမည်။ ဤစာအုပ်တွင် ဓမ္မပဒဂါထာတော်များကို မြတ်စွာဘုရားသည် အဘယ်သူကိုအကြောင်းပြု၍ ဟောတော်မူသည်၊ အဓိပ္ပာယ်မည်သို့ ရှိသည်၊ ဂါထာတော်၏ အနှစ်သာရနှင့်တူသော ဓမ္မရသကား အဘယ်နည်း၊ ဤဂါထာတော်ပါ ဗုဒ္ဓဝစန၊ ဘုရားစကားတော်တို့ကို လက်တွေ့ဘဝတွင် မည်သို့ကျင့်သုံးလိုက်နာကြရမည်နည်း စသဖြင့် သိမြင်နားလည်အပ်သည့် အကြောင်းအချက်များကို ဦးစားပေးအလေးမူကာ ရေးသားထားသည်။

ဤစာအုပ်ကို အမှတ် ၁၆၈၊ ၃၃ လမ်း(အထက်) ပတ္တမြားငမောက်စာပေ ဖုန်း-၃၈၆၄၀၈၊ ၃၉၅၀၁၁ မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိပြီး စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်သည်။

## အလစ်ချောင်းနေသော လေဖြတ်ရောဂါစာအုပ်ထုတ်ဝေ



စာရေးသူ ကြည်လွင်မြင့်(မုဒြာ) ၏ အလစ်ချောင်းနေသော လေဖြတ်ရောဂါ စာအုပ်ကို ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

လေသင်တုန်း သို့မဟုတ် အလစ်တိုက်ခိုက်ခံရခြင်း၊ ရုတ်တရက် လေသင်တုန်းဖြတ်စေသောအကြောင်းများ၊ အလစ်ချောင်းနေသော လေဖြတ်ရောဂါ၊ အရက်တစ်ခါတစ်ရံသောက်ပြီး လေဖြတ်ခြင်း၊ လေမဖြတ်အောင် ကြိုတင်ရှောင်၊ ဆေးလိပ်မဖြတ်လျှင် လေဖြတ်နိုင်သည်။ ဆေးလိပ်ကြောင့်ဖြစ်သော နှလုံးရောဂါ၊ ဆေးလိပ်ဖြတ်လိုသူများအတွက် နည်းလမ်းကောင်းများ၊ လူတစ်ယောက်မှာ ဆရာဝန်နှစ်ယောက်ရှိတယ်၊ စက်ဘီးစီးလျှင် လေဖြတ်ခြင်းမှ ကာကွယ်နိုင်၊ ပါးရွဲ့ သို့မဟုတ် မျက်နှာတစ်ခြမ်းလေဖြတ်ခြင်း စသည့် လေဖြတ်ခြင်းနှင့်ပတ်သက်ပြီး သိထား၊ လိုက်နာ၊ ကျင့်သုံးအပ်သည့် ဗဟုသုတများစွာ ပါဝင်သည်။

အလင်းသစ်စာပေ တိုက် (၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

## Website လမ်းညွှန်



ဆရာဝင်းဟိန်းပြုစုသော Website လမ်းညွှန်စာအုပ် ထွက်ရှိလာသည်။ ယနေ့ခေတ် နည်းပညာနှင့် နီးစပ်ဖို့အကြောင်းဖန်လာသူများအတွက် အဓိကထားပြီး ပြုစုထားသည်။ အင်တာနက်စာမျက်နှာများကို အတတ်နိုင်ဆုံးယေဘုယျဖြစ်အောင် ဘယ်အသက်အရွယ်၊ ဘယ်လုပ်ငန်းခွင်၊ ဘယ်လို စိတ်ဝင်စားမှုမျိုးရှိသူ မဆို အဆင်ပြေစေရေးအတွက်ဖြစ်သည်။ မဇ္ဈိမစာပေ အမှတ်-၂၃၇ (၃၉)လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀ ၅၉၉၃၅ မှ ငွေကျပ် ၈၀၀ နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

# ပြန်ကပြေးကျေးရွာအုပ်စု အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးတို့က အခြေခံပညာ အထက်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းအဆင့်တိုးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ယခု အဆင့်တိုးမြှင့်ပေးသည့် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းသည် ၁၉၄၆ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၀ ခုနှစ်တွင် တွဲဖက်အထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့် ကျောင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ၍ သတင်းထုတ်ပြန်



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၃၀**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံအပြီးတွင် ပြည်တွင်း/ပြည်ပ သတင်းထောက်များအား ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ ဆွေးနွေးမှုအပြီးတွင် သတင်းထုတ်ပြန်ခဲ့ရာ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက် မွန်းလွဲ ၁၃ း ၀၀ နာရီမှ ၁၃ း ၅၅ နာရီအထိ လာရောက်တွေ့ဆုံခဲ့ပါသည်။

ယင်းသို့တွေ့ဆုံရာတွင် ယခင်ဆွေးနွေးခဲ့မှုများအပေါ် နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေ၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လွတ်လပ်စွာ ကုန်သွယ်ခွင့်၊ ကူးသန်းရောင်းဝယ်ခွင့်ရရှိရေးနှင့် လွတ်လပ်စွာ ငွေကြေးလည်ပတ်သုံးစွဲခွင့်ရရှိရေးတို့၏ အရေးကြီးမှုနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်ကဆောင်ရွက်နေမှုများ၊ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်သူများ ကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားရန် သဘောတူညီခဲ့ကြပါသည်။ (သတင်းစဉ်)

## ကျန်းမာရေး အင်တာနက်သတင်း

# အက်စ်ပရင် နေ့စဉ်သောက်သုံးခြင်းဖြင့် အူမကင်ဆာဖြစ်ပွားနိုင်မှုကို ကာကွယ်နိုင်

**နယူးကာဆယ် အောက်တိုဘာ ၃၀**

အူမကင်ဆာရောဂါဖြစ်ပွားရန် အလားအလာရှိသူများအား အက်စ်ပရင်ဆေးပြားများ နေ့စဉ်တိုက်ကျွေးသင့်ကြောင်း သိပ္ပံပညာရှင်များက အကြံပြုပြောကြားသည်။

အူမကင်ဆာရောဂါဖြစ်ပွားမည့် အလားအလာများပြားသူ လူနာ ၈၆၁ ဦးတို့ကို နေ့စဉ် အက်စ်ပရင်ဆေးပြားနှစ်ပြားကျ နှစ်နှစ်ဆက်တိုက် တိုက်ကျွေး၍ လေ့လာစောင့်ကြည့်ခဲ့ရာ အူမကင်ဆာရောဂါဖြစ်ပွားနိုင်မှု ၆၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း လင်းဆက်အမည်ရှိ ဆေးပညာဂျာနယ်က အောက်တိုဘာ ၂၇ ရက်တွင် တင်ပြထားသည်။

အင်္ဂလန်နိုင်ငံ နယူးကာဆယ်တက္ကသိုလ်က ဦးဆောင်ပြုလုပ်ခဲ့သော လေ့လာချက် ရလဒ်များအရ အက်စ်ပရင်ဆေးပြားများကို ကင်ဆာရောဂါကုသရာတွင် အသုံးပြုနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။



**ကင်ဆာရောဂါကုသရာတွင် အသုံးပြုနိုင်သော အက်စ်ပရင်ဆေးပြားများ။**

နယူးကာဆယ်တက္ကသိုလ်မှ ပညာရှင်များသည် အက်စ်ပရင်ဆေးပြားများ၏ အာနိသင်ကို စမ်းသပ်ရာတွင် ပါဝင်မည့် လူနာ ၈၆၁ ဦးတို့ကို အုပ်စု နှစ်စုခွဲ၍ တစ်စုကို အက်စ်ပရင် ၆၀၀ မီလီဂရမ်အား နေ့စဉ် တိုက်ကျွေးခဲ့ပြီး တစ်စုကို ပလာဇီဘိုး (Placebo) ခေါ် ဘေးထွက်ဆိုးကျိုးလည်းမရှိ၊ ဆေးစွမ်းလည်းမရှိသော အက်စ်ပရင်ဆေးပြားများ တိုက်ကျွေး၍ လေ့လာစမ်းသပ်ခဲ့ကြသည်။

ယင်းသို့ လေ့လာခဲ့ရာတွင် အက်စ်ပရင် ၆၀၀ မီလီဂရမ်ကို နှစ်နှစ်ဆက်တိုက် တိုက်ကျွေးခဲ့သော လူနာများအုပ်စု၌ အူမကင်ဆာရောဂါဖြစ်ပွားနိုင်မှု ၆၃ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

အက်စ်ပရင်ဆေးပြားများသည် အူမကင်ဆာရောဂါနှင့် ဆက်နွှယ်မှုရှိသည့် အခြားသောကင်ဆာရောဂါများကိုလည်း အကျိုးသက်ရောက်မှုရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အက်စ်ပရင်ဆေးပြားများသည် အူမကင်ဆာရောဂါဖြစ်ပွားရန် အလားအလာများသောလူနာများအား နှလုံးရောဂါဖြစ်ပွားမှုနှင့် လေဖြတ်ရောဂါဖြစ်ပွားမှုတို့ကို လျှော့ချပေးနိုင်ကြောင်း ယခင်က သိရှိခဲ့ပြီးဖြစ်သည်။

နာကျင်ကိုက်ခဲမှုများ သက်သာလျော့ပါးစေရန် သုံးစွဲရသော အက်စ်ပရင်ဆေးပြားများသည် ကင်ဆာရောဂါဖြစ်ပွားနိုင်မှု အလားအလာကို လျော့ပါးစေနိုင်ကြောင်း သိပ္ပံပညာရှင်များက လွန်ခဲ့သော နှစ်နှစ်ဆယ်ကပင် ယူဆခဲ့ကြသည်။

အင်တာနက်။